The Mirror
၁၃၇၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၁ ရက်၊ သောကြာနေ့ (28-11-2008) (၅၈၇၆)

## အမှာစကားပြောကြား

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များ စီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များ စီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြား

ရန်ကုန်　　နိုဝင်ဘာ　၂၇

**ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များ စီမံခန့်ခွဲရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက အမှာစကားပြောကြားသည်။**

**ရှင်းလင်းတင်ပြ**

ယင်းနောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်က ရန်ကုန်တိုင်းအတွင်း စက်မှုကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှု၊ ပံ့ပိုးပေးနေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**စာမျက်နှာ ၃ ကော်လံ ၅ သို့ ✳**





# ထွက်ရှိသမျှစပါးများကို ကုန်သည်နှင့် စီးပွားရေးအဖွဲ့အစည်းများက ကွင်းဆင်းဝယ်ယူ တောင်သူများထံ ဒေသပေါက်ဈေးအတိုင်း ပေးချေ

**ရန်ကုန်မြို့မှအထွက်တွင် ရောင်နီပျိုးစပြုနေပြီဖြစ်သည်။ လမ်းဘေးဝဲယာတွင် ရိတ်သိမ်းပြီးစ လယ်ကွင်းများ၊ ရိတ်သိမ်းရန် အသင့်ရှိနေသော စပါးခင်းများ၊ ရိတ်သိမ်းနေသော လယ်ကွက်များနှင့် စိမ်းစိုလန်းဆန်းနေသော စပါးစိုက်ခင်းများကို တစ်မျှော်တစ်ခေါ် တွေ့မြင်နေရသည်။**

မြန်မာ့လယ်ယာမြေ၏ မြင်ကွင်းမှာ ရှုမငြီးဖွယ်ပင်၊ အရောင်အသွေးစုံစွာ ခြယ်မှုန်းထားသည့် လက်ရာမြောက် ပန်းချီကားတစ်ချပ်နှယ်။ နံနက် ၁၁ နာရီတွင် ပဲခူးမြို့သို့ရောက်ရှိပြီး ပဲခူးတိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ တိုင်းမန်နေဂျာ ဦးကျော်သန်း၊ တိုင်းမြေစာရင်းဦးစီးဌာနမှူး ဦးဇော်မင်း (ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန)တို့နှင့်အတူ တောင်ငူမြို့သို့ ဆက်လက်ထွက်ခွာခဲ့ကြသည်။

တောင်ငူမြို့သို့ ရောက်ရှိသည့်အခါ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဖေသိန်းနှင့်တွေ့ဆုံရာ “ကျွန်တော်တို့ ပဲခူးတိုင်းအတွင်းမှာ စပါးစိုက်ဧကတွေ တိုးချဲ့ပြီး အထွက်နှုန်းတိုးတက်အောင် ကြိုးစားနေတာ အောင်မြင်မှုရရှိနေပါတယ်။ ဂုန်လျှော်နဲ့ ရော်ဘာတွေလည်း စိုက်ဧကတွေတိုးချဲ့ပြီး စိုက်ပျိုးနေတာတွေရှိတယ်။ စပါးစိုက်ပျိုးမှုဆိုရင်လည်း

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ❁**

သတင်းခရီးသည်
မောင်မောင်မြင့်ဆွေ

ဓာတ်ပုံ
ကျော်မြင့်သန်း(လမ်းမတော်)

**စပါးများ အောင်မြင်ဖြစ်ထွန်းနေသော ဒိုက်ဦးမြို့နယ် ဧက ၃၀၀၀ စံပြစိုက်ကွင်းကို တွေ့မြင်ရစဉ်။**



အတည်ပြုချိန် ၃း၅၀

ကြေးမုံ
The Mirror
၂၈-၁၁-၂၀၀၈
(သောကြာနေ့)

# လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ထာဝစဉ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်

မြန်မာနိုင်ငံသည် ပြည်ထောင်စုဖွား တိုင်းရင်းသားများ ဖွဲ့စည်းနေထိုင်လျက်ရှိသည့် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံဖြစ်သည်။ သမိုင်းအဆက်ဆက်တွင် ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်ဘာသာ၊ ကိုယ်ပိုင်ယဉ်ကျေးမှုဖြင့် ထည်ထည်ဝါဝါ ရပ်တည်နေထိုင်လာခဲ့သည်။

တစ်ချိန်တွင် ကိုလိုနီနယ်ချဲ့တို့က မြန်မာနိုင်ငံကို ကျူးကျော်စစ်သုံးကြိမ်ပြု၍ တိုက်ခိုက်ခဲ့သဖြင့် နယ်ချဲ့တို့၏ စိုးမိုးမှုအောက်သို့ ကျရောက်ခဲ့ရဖူးသည်။ မျိုးချစ်စိတ်ဓာတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ် ခိုင်ကျည်သော မြန်မာတိုင်းရင်းသားတို့သည် တိုင်းတစ်ပါးက ထိပါးကျူးကျော်လာမှုမှန်သမျှကို ရှုပ်ရှုပ်ချွံချွံ တွန်းလှန်ခဲ့ကြသည်ချည်းဖြစ်သည်။

မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု သမိုင်းကြောင်းတွင် တိုင်းရင်းသားပြည်သူတို့၏ နိုးကြားတက်ကြွသည့် ဇာတိသွေး၊ ဇာတိမာန်၊ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်၊ စွန့်လွှတ်စွန့်စားရဲသော သတ္တိတို့ဖြင့် နယ်ချဲ့နှင့်ဖက်ဆစ်တို့ကို တွန်းလှန်တိုက်ပွဲ ဆင်နွှဲခဲ့ရာ မြန်မာ့အချုပ်အခြာအာဏာလွတ်လပ်ရေးကို ပြန်လည်ရယူနိုင်ခဲ့သည်။ လွတ်လပ်သောနိုင်ငံ၊ လွတ်လပ်သောလူမျိုးဘဝသို့ ရောက်ရှိလာခဲ့သည်မှာ (၆၁)နှစ်ပြည့်မြောက်တော့မည်ဖြစ်သည်။

နယ်ချဲ့တို့က မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးလိုက်ရသော်လည်း တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲစေရန် နည်းအမျိုးမျိုးဖြင့် ဖန်တီးခဲ့ကြသည်။ မျက်မှောက်ကာလတွင်လည်း မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်နေကြဆဲဖြစ်သည်။ မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်တို့တွင် ဩဇာလွှမ်းမိုးနိုင်ရေး ကြံစည်အားထုတ်လျက်ရှိသည်။

ကိုလိုနီနယ်ချဲ့လက်သစ်တို့က သပ်လျှိုသွေးခွဲအသုံးချမှုကြောင့် နိုင်ငံနှင့်လူမျိုး နယ်ချဲ့ဩဇာခံဘဝ မကျရောက်စေရေး ဆင်ခြင်သတိပြုကြရမည်ဖြစ်သည်။ နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် သာယာရေးကို နည်းမျိုးစုံဖြင့် နှောင့်ယှက်ဖျက်ဆီးရန် ကြံစည်လုပ်ဆောင်နေမှုများကို မပြတ်တားဆီးသွားကြရမည်ဖြစ်သည်။

ရှေးဘိုး၊ ဘေးတို့၏ အမွေအနှစ် မြန်မာ့လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကို တိုင်းရင်းသားပြည်သူတို့၏ အသက်သွေးချွေးပေါင်းများစွာဖြင့် ရင်းနှီးရယူခဲ့ရသည်။ မျိုးဆက်သစ်လူငယ်များအပါအဝင် တိုင်းရင်းသား ပြည်သူအားလုံးတို့က လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ထာဝရတည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် နိုင်ငံတော်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားကြရမည် ဖြစ်ပါသည်။ ။

**ပြည်သူ့သဘောထား**

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ကွမ်းခြံကုန်းမြို့နယ် ထင်းပုံဆိပ်ကျေးရွာ ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီ ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၂၇

**စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီသည် နိုဝင်ဘာ ၂၃ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့ ထင်းပုံဆိပ်ကျေးရွာ၌ မလေးရှားနိုင်ငံ Petronas ကုမ္ပဏီမှ လှူဒါန်းပြီး အေးရှားဝေါလ်ကုမ္ပဏီက ဆောက်လုပ်သည့် လူနေအိမ်များ တည်ဆောက်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးရာ ရှေးဦးစွာ ဝန်ကြီးအား တည်ဆောက်ရေးလုပ်ငန်းခွင်ရှင်းလင်းဆောင်၌ အေးရှားဝေါလ်ကုမ္ပဏီ စီမံကိန်းအင်ဂျင်နီယာက ထင်းပုံဆိပ်စံပြကျေးရွာ တည်ဆောက်ပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လူနေအိမ်များ၊ ဆေးခန်းနှင့် စာကြည့်တိုက်တို့ သပ်ရပ်ခိုင်ခံ့မှုရှိစေရေး၊ သန့်ရှင်းသောသောက်သုံးရေ လုံလောက်စွာရရှိရေး၊ ယင်လုံအိမ်သာများ စနစ်တကျဆောက်လုပ်ပေးရေး၊ လျှပ်စစ်မီးရရှိရေးနှင့် သတ်မှတ်ရက်အတွင်း အချိန်မီပြီးစီးအောင် တည်ဆောက်သွားရေးတို့ကို မှာကြားသည်။**

ထို့နောက် ဝန်ကြီးသည် ကလေးများ အပန်းဖြေကစားကွင်းကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာလမ်းတစ်လျှောက် လမ်းများ၊ ရေမြောင်းများ ဖောက်လုပ်ထားရှိမှုကိုလည်းကောင်း၊ လမ်းဘေးဝဲယာတစ်လျှောက် လမ်းမီးတိုင်များ သွယ်တန်းထားရှိမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။



## ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် လူနေအိမ်များအတွင်း ဆယ်မျိုးဆယ်ပေါင် သီးပင်စားပင်များ အောင်မြင်ဖြစ်ထွန်းစွာ စိုက်ပျိုးထားရှိမှု၊ **(ယာပုံ)** ကျေးရွာဘော်လီဘောကွင်း၊ ပိုက်ကျော်ခြင်းကွင်းနှင့်ဘောလုံးကွင်းများ ဖောက်လုပ်ထားရှိမှုနှင့် ကျေးရွာဆေးပေးခန်း၊ စာကြည့်တိုက်တည်ဆောက်နေမှုတို့ကိုလည်းကောင်း၊ တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့သည်။

လေဘေးဒဏ်ကြောင့် လူနေအိမ်များ ပြိုကျပျက်စီးခဲ့သည့် ကွမ်းခြံကုန်းမြို့နယ် ဆူးကလပ်ကျေးရွာအုပ်စု၊ ထင်းပုံဆိပ်ကျေးရွာကိုစွမ်းအင်ဝန်ကြီးဌာနနှင့် လုပ်ငန်းများ အကျိုးတူပူးပေါင်း ဆောင်ရွက်လျက်ရှိသော မလေးရှားနိုင်ငံ အခြေစိုက် Petronas ကုမ္ပဏီမှ လှူဒါန်းငွေဖြင့် အေးရှားဝေါလ်ကုမ္ပဏီက တာဝန်ယူတည်ဆောက်ခြင်း ဖြစ်သည်။ (ပေ ၄၀ × ပေ၆၀) မြေကွက်ပေါ်၌ သွပ်မိုး၊ သစ်ခင်း၊ သစ်ကာလူနေအိမ်များ၊ ကျေးရွာခန်းမ၊ ဆေးခန်း၊ စာကြည့်တိုက်၊ အားကစားကွင်းများ၊ ရေသန့်စက်နှင့် လျှပ်စစ်မီးအစရှိသည်တို့ ပါဝင်သည့် စံပြကျေးရွာ တည်ဆောက်ပေးထားသကဲ့သို့ တစ်ဖက်မှလည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အလုပ်အကိုင်အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကိုလည်း ပြုစုပျိုးထောင်ပေးလျက်ရှိရာ ပိုမိုတိုးတက်သည့် ကျေးလက်လူနေမှုဘဝကိုကျေးရွာနေပြည်သူများ ရရှိခံစားနိုင်တော့မည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ဒုတိယအကြိမ် မြန်မာ-အီဂျစ်နှစ်နိုင်ငံ ညှိနှိုင်းဆွေးနွေးပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၇**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၏ ဖိတ်ကြားချက်အရ အီဂျစ်အာရပ်သမ္မတနိုင်ငံ အာရှရေးရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဟူစိန်ဟာရီဒီ ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၂၄ရက်မှ နိုဝင်ဘာ ၂၆ ရက်အထိ မြန်မာနိုင်ငံသို့လာရောက်ခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် အီဂျစ်အာရပ်သမ္မတနိုင်ငံ အာရှရေးရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဟူစိန်ဟာရီဒီ ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တို့သည် ၂၅ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ ဒုတိယအကြိမ် မြန်မာ-အီဂျစ်နှစ်နိုင်ငံ ညှိနှိုင်းဆွေးနွေးပွဲကို ကျင်းပသည်။ **(အောက်ဝဲပုံ)** အဆိုပါ ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံနှင့် အီဂျစ်နိုင်ငံတို့အကြား လယ်ယာစိုက်ပျိုးရေး၊ ကုန်သွယ်ရေး၊ ခရီးသွားလာရေး စသည့်ကဏ္ဍများတွင် နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ရေးကိစ္စရပ်များ၊ ဒေသတွင်းနှင့် နိုင်ငံတကာနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးစွာ ဆွေးနွေးအမြင်ချင်းဖလှယ်ကြသည်။

ယင်းနေ့ညပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်သူက အီဂျစ်အာရပ်သမ္မတနိုင်ငံ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စတာဟူစိန်ဟာရီဒီ ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား Le Plenteur Restaurant ၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ အီဂျစ်အာရပ် သမ္မတနိုင်ငံ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စတာဟူစိန်ဟာရီဒီ ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့၌ ရောက်ရှိနေစဉ် အမျိုးသားပြတိုက်နှင့် ရွှေတိဂုံစေတီတော်တို့သို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ကြသည်။

အီဂျစ်အာရပ်သမ္မတနိုင်ငံ အာရှရေးရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဟူစိန်ဟာရီဒီ ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၂၆ ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)




# ကံမမြို့နယ် ကျောင်းပေါင်းစုံ အာစရိယပူဇော်မည်

**ရန်ကုန် နိုဝင်ဘာ ၂၇**

သရက်ခရိုင် ကံမမြို့နယ်မှ ကျောင်းသား၊ ကျောင်းသူဟောင်းများနှင့် ကံမမြို့နယ်အသင်း(ရန်ကုန်)တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် မြို့နယ်အတွင်းရှိ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းအားလုံးတို့မှ အသက် ၆၅နှစ်နှင့်အထက် အငြိမ်းစား ဆရာ၊ ဆရာမ ၁၁၀တို့အား အာစရိယပူဇော်ပွဲကို ကံမ အထက မြဝတီခန်းမ၌ ဒီဇင်ဘာ၂၈ရက်(တနင်္ဂနွေနေ့)နံနက် ၈ နာရီခွဲတွင် ကျင်းပမည်ဖြစ်သည်။ ကန်တော့ခံဆရာ၊ ဆရာမများအတွက် တည်းခိုနေထိုင်စားသောက်ရေး စီစဉ်ထားရှိမည်ဖြစ်ပြီး အခမ်းအနားသို့ မတက်ရောက်နိုင်သော ဆရာ၊ ဆရာမများအနေဖြင့် ဦးဇော်မိုးလွင် ဖုန်း-၀၉၅၃ ၄၀၅၀၆ နှင့် ဦးဝင်းနိုင် ဖုန်း-၀၆၈ ၂၁၄၂၅ တို့သို့ ကြိုတင်ဆက်သွယ်ကြရန်ဖြစ်သည်။

အခမ်းအနားတွင် ကံမမြို့နယ်အသင်း (ရန်ကုန်)က ၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးဖြင့် အောင်မြင်ကြသော ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်မည်ဖြစ်ပြီး ပါဝင်လှူဒါန်းလိုသူများနှင့် ရန်ကုန်မှကားဖြင့် လိုက်ပါလိုသူများသည် ဦးအောင်တိုး ဖုန်း-၀၉၅၁ ၆၆၃၈၉၊ ဦးစိုးငြိမ်း ဖုန်း-၀၉၅၁ ၈၇၂၁၉၊ ဦးသိန်းတန် ဖုန်း-၅၀၄၉၁၀၊ ဦးအေးလွင် ဖုန်း-၅၂၆၆၃၈၊ ဦးခင်ဇော် ဖုန်း-၀၉၅၀ ၇၃၇၆၄၊ ဦးညွန့်နိုင် ဖုန်း-၇၂၆၃၆၃ တို့သို့ ကြိုတင်ဆက်သွယ်လှူဒါန်း စာရင်းပေးနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

**ရန်ကုန်တိုင်း လှည်းကူးမြို့နယ် စာဘူးတောင်းကျေးရွာ ကွက်သစ်ပေတရာပိုင်း လူမှုရေးအသင်းဥက္ကဋ္ဌ ဦးအုန်းကြိုင်သို့ ထာဝရဆွမ်းပဒေသာပင်အတွက် အလှူငွေ ၁၁၄၄၀၂၈၂ ကျပ်အား အလှူရှင်များကိုယ်စား ဦးထိန်လင်း ပေးအပ်လှူဒါန်းစဉ်။**

(ကြေးမုံ)



## Air Bagan Open Golf Championships
## ဂေါက်သီးရိုက်ပြိုင်ပွဲဖွင့်ပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၇**

မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်နှင့် Myanmar P.G.Aတို့က ကြီးမှူး၍ မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ (Myanmar Golf Tour 2008-2009) ၏ ဒုတိယပွဲစဉ်အဖြစ် Air Bagan Open Golf Championships ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့ရှိ Pyin Oo Lwin Golf Club ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ဂေါက်သီးရိုက်အားကစားသမားများသည် သတ်မှတ်ထားသည့် တီခုံအမှတ်(၁)၌ နေရာယူကြပြီး ပြင်ဦးလွင်တပ်နယ်မှူး ဗိုလ်မှူးချုပ်ဇေယျာအောင်၊ Myanmar PGA နှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)၊ ဗိုလ်မှူးချုပ်ဇာနည်ဝင်း၊ ဗိုလ်မှူးချုပ်ဆန်းဦး၊ Myanmar PGA နှင့် မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ် ဥက္ကဌ ဦးတေဇတို့က အလှည့်ကျဂေါက်သီးရိုက်၍ပြိုင်ပွဲကိုဖွင့်လှစ်ပေးကြပြီး ပထမနေ့ (၁၈)ကျင်းပြိုင်ပွဲကို စတင်ကျင်းပသည်။

ပထမနေ့ (၁၈)ကျင်းပြိုင်ပွဲအပြီးတွင် Professional Golfers ပြိုင်ပွဲ၌ ယဉ်အောင်လတ်နှင့် စိုးကျော်နိုင် (SRIXON)တို့က သတ်မှတ်ရိုက်ချက်ထက် နှစ်ချက်စီလျှော့ရိုက်ကြပြီး အချက် ၇၀ ဖြင့် ဦးဆောင်ကစားလျက်ရှိကြသည်။

လှမျိုး(SRIXON)နှင့် ကျော်စွာလင်း(SRIXON) တို့ကလည်း သတ်မှတ်ရိုက်ချက်ထက် တစ်ချက်စီလျှော့ရိုက်၍ ၇၁ ချက်ဖြင့် ဒုတိယလိုက်နေကြပြီး သိန်းဇော်မြင့်(KM)က ၇၃ချက်ဖြင့် တတိယလိုက်နေသည်။

အမျိုးသား အပျော်တမ်းပြိုင်ပွဲတွင် ရန်မျိုးအေးက သတ်မှတ်ရိုက်ချက်ထက် တစ်ချက်လျှော့ရိုက်ပြီး ၇၁ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။



**ပြင်ဦးလွင်တပ်နယ်မှူး ဗိုလ်မှူးချုပ်ဇေယျာအောင် ဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးစဉ်။** (သတင်းစဉ်)

ကျော်သက်ဝေက ၇၄ ချက်ဖြင့် ဒုတိယလိုက်နေပြီး စိုးမိုးဝင်း၊ သိန်းဇော်ထွန်းနှင့် အောင်ဝင်း(သစ်တော)တို့က ၇၅ ချက်စီဖြင့် တတိယလိုက်နေကြသည်။

အဆိုပါပြိုင်ပွဲကို မြန်မာဂေါက်သီးအကျော်အမော်များ ပေါ်ထွက်လာရေးအတွက် ရည်ရွယ်၍ Main Sponsor အဖြစ် Air Bagan Ltd. က အဓိက ကူညီပံ့ပိုးပြီး Co-Sponsors များဖြစ်ကြသော Hotel Yangon, Ruby Dragon(Jade and Gems)Co.,Ltd, KBZ Bank Ltd., Alpine Purified Drinking Water, Dagon Brewery Co., Ltd, My Associates Co.,Ltd, Srixon, KM Golf Center, ACCEL International Co.,Ltd(Canon) နှင့် Lifeline (DHEA-Plus)တို့ကလည်း ထပ်မံ၍ ပံ့ပိုးကူညီကြကာ ပြိုင်ပွဲဖြစ်မြောက်အောင်မြင်ရေးအတွက် Han Event Management က တာဝန်ယူဆောင်ရွက်ပေးသည်။

နိုဝင်ဘာ ၂၈ ရက် နံနက်ပိုင်းတွင် ဒုတိယနေ့ (၁၈)ကျင်းပြိုင်ပွဲကို ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မြန်မာနိုင်ငံပြန်တမ်း

**နေပြည်တော် နိုဝင်ဘာ ၂၇**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ကျန်းမာရေး ဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်ခင်ပြုံးကြည်အား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

(သတင်းစဉ်)

**✻ ရှေ့ဖုံးမှ**

ထို့နောက် ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များမှ စီမံခန့်ခွဲရေးကော်မတီ ဥက္ကဌများနှင့် တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များက လက်ရှိလုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်နေမှုနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးနှင့်တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

ဆက်လက်၍ ဌာနဆိုင်ရာတာဝန်ရှိသူများက ဌာနအလိုက် မိမိတို့နှင့်သက်ဆိုင်သော ကိစ္စရပ်များကို တင်ပြကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက နိဂုံးချုပ်အမှာစကား ပြောကြားသည်။ (သတင်းစဉ်)

## ရေးမြို့ ကျောင်းသူ၊ ကျောင်းသားဟောင်းများ မြတ်ဆရာပူဇော်ပွဲ

**ရန်ကုန် နိုဝင်ဘာ ၂၇**

မွန်ပြည်နယ် ရေးမြို့မပေါ်ရှိ အထက်တန်း၊ အလယ်တန်း၊ မူလတန်း အခြေခံကျောင်းများတွင် ပညာသင်ကြားပေးခဲ့ကြသော ဆရာ၊ ဆရာမတို့အား သတ္တမအကြိမ်မြောက်ပူဇော်ပွဲကို ဒီဇင်ဘာ ၂၅ရက် နံနက် ၉နာရီတွင် အထက(၁)ရေးမြို့ကျောင်း၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းတို့သည် ပူဇော်ပွဲသို့ တက်ရောက်ကြပါရန်နှင့် လှူဒါန်းလိုပါက ဦးဝင်းတင်၊ဒေါ်ညိုညိုခင် ဖုန်း-၅၇၂၅၄၂၊ ဦးသက်ဦး ဖုန်း-၂၉၈၃၁၈၊ ဦးဝင်းနိုင် ဖုန်း-၀၉၈၀၂၄၄၇၄၊ ဒေါ်ဖြူဖြူခင် ဖုန်း-၅၄၆၅၂၅၊ ဦးသောင်းထိုက် ဖုန်း-၀၉၅၃၂၂၃၈၈(မော်လမြိုင်)၊ ဦးကျော်မိုးအေး ဖုန်း-၀၅၇-၅၀၃၅၂(ရေး) တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

## The Live News ဂျာနယ် အမှတ် (၁၀၈) ထုတ်ဝေဖြန့်ချိ

**ရန်ကုန် နိုဝင်ဘာ ၂၇**

ယခုတစ်ပတ်ထုတ် The Live News ဂျာနယ် အမှတ်(၁၀၈)တွင် မြင်းမူမောင်နိုင်မိုး၏ ရေချိုနှင့်ရေငန်၊ ပေးဆပ်သူများ၊ နီမင်းဆွေ၏ ကမ္ဘာကြီးအတွက် စကားတစ်ခွန်း(၃)၊ ကိုကိုလှိုင်၏ ဘယ်သူမပြုမိမိမှု-အမေရိကန်နှင့် အီရန်ဆိုင်ရာမူဝါဒ၊ ကို(တက္ကသိုလ်)၏ ကျေးဇူးသစ္စာ၊ မောင်မြတ်မွန်(ဆူးလေ)၏ ရန်ကုန်မြို့ကြီးရဲ့ သမိုင်းထဲက သမိုင်းတင်အဝိုင်းကြီးများ(Round-about) (9)၊ နီငြိမ်း(အညာတက္ကသိုလ်)၏ ကမ္ဘာ့အရှေ့ဖျားမှ ဖွံ့ဖြိုးဝေစည် ဂျပန်ပြည် အပိုင်း(၂)၊ အောင်လျှမ်းဝေ၏ လွမ်းငွေ့မပြေချယ်ရီမြေ(၁၁)၊ အာရှမိုး၏ လူငယ်လူရွယ်များအတွက် ဝါသနာထက်သန်ရာ အလုပ်အကိုင်များအား ပုံဖော်ပေးမည့် သင်တန်းကျောင်း၊ ဒေါက်တာဝင်းလေး(တောင်ကြီး)၏ Eassential Algae (သို့မဟုတ်) "မရှိမဖြစ်ရေညှိ"၊ (၁၁)နှစ်ကြာတဲ့အထိ မမေ့သေးတဲ့ ပရိသတ်ကို လေးစားတယ်ဆိုတဲ့ တေးသံရှင်သျှီ၊ အိုဘားမား၏ မှတ်သားဖွယ်ရာ မိန့်ခွန်းကောက်နုတ်ချက်များ၊ ပင်လယ်ပျော်မင်းသား အပိုင်း(၅၁၊၅၂)၊ ကျွန်တော်တင်တဲ့မင်းသမီး အပိုင်း(၁၊ ၂) စသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများဖြင့် ဝေဝေဆာဆာ တင်ဆက်ထားသည်။

The Live News ဂျာနယ်အား အပတ်စဉ် စနေနေ့တိုင်း ဖတ်ရှုသူအိမ်အရောက်ပေးပို့ရန် စီစဉ်ထားရာ လစဉ်ကြေးဖြင့် ဖတ်ရှုလိုသူများ ၃လ-၁၃စောင်-၅၈၅၀ိ/-၊ ၆လ- ၂၆စောင်-၁၁၇၀၀ိ/-နှုန်းထားများဖြင့် ရွှေပြည်စိုးစာပေတိုက်၊ အမှတ်(၃၁၀)၊ အခန်း(၀၀၄)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅နှင့် Market Care (Distribution Service) အမှတ်(၅၅)၊ ပထမထပ်၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၂၂၃၉၇၃၊ ၀၉-၅၀၀ ၈၀၄၇ သို့ မှာယူဖတ်ရှုနိုင်ကြောင်းသိရသည်။

(သတင်းစဉ်)

## သထုံစိုက်ပျိုးရေးသိပ္ပံ မြတ်ဆရာပူဇော်မည်

ရန်ကုန် နိုဝင်ဘာ ၂၇

**သထုံစိုက်ပျိုးရေးသိပ္ပံ၌ ဒုတိယအကြိမ်မြတ်ဆရာပူဇော်ပွဲကို ၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၂၇ ရက် (စနေနေ့) တွင်ကျင်းပရန် စီစဉ်လျက်ရှိသည်။**

ဆရာများ၊ ကျောင်းသားဟောင်းများထံသို့ တိုင်း/ပြည်နယ်အလိုက် ဖိတ်စာများ ဖြန့်ဝေလျက်ရှိရာ အလှူငွေပေးပို့လှူဒါန်းရန်အတွက် အကျိုးဆောင်များဖြစ်သော ဦးညွန့်ဆွေ ဖုန်း-၀၈၅-၂၂၀၄၈၊ ဦးသန်းနွယ် ဖုန်း-၀၅၃-၂၄၃၇၅၊ ဦးစိုးသိန်း ဖုန်း-၀၉၈၅၇၅၃၉၃၊ ဦးစိုးတင် ဖုန်း-၀၁-၂၉၃၄၇၆၊ ဦးစိန်လင်း ဖုန်း-၀၅၇-၄၀၁၂၃/၂၅၇နှင့် ကျောင်းအုပ်ကြီး ဖုန်း-၀၅၇-၄၀၀၇၅တို့သို့ ဆက်သွယ်လှူဒါန်းကြရန် ရန်ကုန်မှ သထုံသို့ ဒီဇင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီထွက်ခွာမည့် အထူးယာဉ်ဖြင့် လိုက်ပါလိုကြသော ဆရာများ၊ ကျောင်းသားများသည် ဦးစိုးညွန့် ဖုန်း-၀၁-၅၁၄၀၈၆ထံ ဆက်သွယ် စာရင်းပေးသွင်းကြရန် နှိုးဆော်ထားကြောင်းသိရသည်။ (သတင်းစဉ်)



**မော်လမြိုင်မြို့ အမှတ်(၁)ဈေးပတ်ဝန်းကျင်လမ်းများ သန့်ရှင်းရေးနှင့် ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် ဒု-ဦးစီးမှူး(ဈေး) ကြီးကြပ်ပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက သန့်ရှင်းရေးဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)

**သက်ရှိ**
**လောက**
**တည်မြဲဖို့**
**သဘာဝ**
**တောတွေ**
**ထိန်းသိမ်းစို့**

## မြန်မာဇာတ်ကားသစ်ရုံမတင် ဝင်ငွေစံချိန်တင် ဂျိမ်းစ်ဘွန်းကားသစ်ဝင်လာ

**ရန်ကုန် နိုဝင်ဘာ ၂၇**

နိုဝင်ဘာ ၂၈ရက် သောကြာနေ့တွင် ရန်ကုန်မြို့လယ် ရုပ်ရှင်ရုံများ၌ မြန်မာရုပ်ရှင်ကားသစ် ရုံတင်ခြင်းမရှိဘဲ ပြသဆဲ မြန်မာဇာတ်ကားဖြစ်သော "မြင်းမိုရ်ထက်က သရဖူ" ဇာတ်ကား တစ်ကားတည်းသာ သမ္မတရုံ၌ ဆက်လက်ပြသမည် ဖြစ်သည်။ ဤဇာတ်ကားကို ဒါရိုက်တာ သိန်းဟန်(ဖီးနစ်)က ရိုက်ကူးထားခြင်းဖြစ်ပြီး ဇာတ်လမ်းဇာတ်ညွှန်းမှာ ထပ်ဆင့်အကယ်ဒမီငြိမ်းမင်းဖြစ်သည်။ မိဘမေတ္တာဘွဲ့ ဇာတ်ကားကောင်း တစ်ကားဖြစ်ပြီး အကယ်ဒမီ မို့မို့မြင့်အောင်နှင့် သရုပ်ဆောင်များအင်အားပြည့် ပါဝင်ထားကာ ၎င်းတို့၏ ပီပြင်သောသရုပ်ဆောင်မှုများကြောင့် ဇာတ်ကား၏အရသာကို ပိုမိုပြည့်စုံစွာ ခံစားနိုင်ကြမည်ဖြစ်သည်။

### နိုင်ငံခြားရုပ်ရှင်

မင်္ဂလာရုံတွင် စီအိုင်အေ ဇာတ်လမ်းတစ်ပုဒ်ကို အခြေခံရိုက်ကူးထားသည့် BODY OF LIES အက်ရှင်ဇာတ်ကား ပြသမည်ဖြစ်သည်။ ၎င်းဇာတ်ကားတွင်တိုင်တန်းနစ်မင်းသားချော လီယိုနာဒိုဒီကာပရီယိုပါဝင်သရုပ်ဆောင်ထားသည်။ ရှေ့ဆောင်နှင့် နေပြည်တော်ရုံတွင် 007 JAMES BOND ဇာတ်ကားသစ် QUANTUM OF SOLACE ဇာတ်ကား ပြသမည်ဖြစ်သည်။ ဤဇာတ်ကားမှာ ဂျိမ်းစ်ဘွန်း မင်းသား သစ်ဒယ်နီယယ်ကရိတ်၏ ဒုတိယမြောက်ဇာတ်ကားဖြစ်ပြီး စတင်ပြသသည်မှစကာ ဝင်ငွေစံချိန် တင်ခဲ့သော ဇာတ်ကားဖြစ်သည့်ပြင် ဤဇာတ်ကားတွင် မင်းသား၏ကိုယ်တိုင်ကြမ်းကြမ်းရမ်းရမ်း စွန့်စား သရုပ်ဆောင်မှုများကြောင့် ပရိသတ် အထူးပင် နှစ်ခြိုက်သဘောကျကြသည့် ဇာတ်ကားကောင်းဖြစ်သည်။ ကမ္ဘာ့မြို့ကြီးများနှင့် တစ်ပြိုင်တည်း မြန်မာနိုင်ငံတွင်လည်း ဦးဦးဖျားဖျား တင်ဆက်ပြသခြင်းဖြစ်ရာ ဂျိမ်းစ်ဘွန်း ဇာတ်ကား ကြိုက်နှစ်သက်သူ ပရိသတ်များ မလွတ်တမ်း ကြည့်ရှုသင့်ကြသော စွန့်စားမှုအသားပေး ဇာတ်ကားတစ်ကားဖြစ်ပါသည်။

### အိန္ဒိယရုပ်ရှင်

သွင်ရုံတွင် အိန္ဒိယမင်းသားချော စယ်လ်မန်ခန်း၊ ကက်သရီနာကေး အနီးကာပူးရ်နှင့်ဇေရတ်ခန်းတို့ ပါဝင်သည့် အင်္ဂလိပ်စာတန်းထိုး အိန္ဒိယ အချစ် ဟာသဇာတ်ကား YUVV-RAAJ ပြသမည်ဖြစ်သည်။ ဘုရင်ရုံတွင် စူနီးရှက်တီး၊ အာဂျေးဒေဗ်ဂန်နှင့် မင်းသမီး ပရီယန်ကာချိုပရာတို့ပါဝင်သည့် BLACKMAIL ဇာတ်ကား၊ မြို့မရုံတွင် ဆန်ဂျေးဒတ်၊ စူနီးရှက်တီးတို့ ခေါင်းဆောင် ပါဝင်သည့် ANNARTH ဒုစရိုက်နှိမ်နင်းရေး ဇာတ်ကြမ်းကားနှင့် ဆုထူးပန်ရုံတွင် မင်းသားရှာရွတ်ခန်နှင့် မာဟီမာချောင်ဒရီတို့ ခေါင်းဆောင်ပါဝင်သည့် PARDES အိမ်ထောင်ရေး မေတ္တာဘွဲ့ ဇာတ်ကားများ ပြသမည်ဖြစ်သည်။

### မြန်မာဇာတ်ကားသစ် ရုံတင်တော့မည်

ဒါရိုက်တာ ညီညီထွန်းလွင် ရိုက်ကူးသည့် အကယ်ဒမီရှော့ မြန်မာဟာသဇာတ်ကားသစ်မှာ ဒီဇင်ဘာလအတွင်းရုံတင်ပြသတော့မည် ဖြစ်သည်။ ၎င်းဇာတ်ကားတွင် ရဲအောင်၊ နေတိုး၊ ထွန်းထွန်း၊ အိန္ဒြာကျော်ဇင်၊ ပုလဲဝင်း၊ သင်ဇာဝင့်ကျော်၊ ချောရတနာတို့နှင့်အတူ ဟာသသရုပ်ဆောင်များ အင်အားဖြည့် ပါဝင်ထားကြသည်။ (ကြေးမုံ)



**"မြင်းမိုရ်ထက်ကသရဖူ"ဇာတ်ကားမှ နေတိုးနှင့်အိန္ဒြာကျော်ဇင်တို့၏ သရုပ်ဆောင်ဟန်။**

## အာဖဂန်နစ္စတန်တောင်ပိုင်း၌ စီးနင်းတိုက်ခိုက် စစ်သွေးကြွ ၁၅ ဦးသေဆုံး

**ကဘူး နိုဝင်ဘာ ၂၇**

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်းကန်ဒါဟာပြည်နယ်တွင်နိုဝင်ဘာ ၂၆ ရက် နံနက်ပိုင်းက အမေရိကန်ဦးဆောင်သော တပ်ဖွဲ့များ စီးနင်းတိုက်ခိုက်မှုကြောင့် စစ်သွေးကြွ ၁၅ ဦး သေဆုံးပြီး ခြောက်ဦးဖမ်းဆီးရမိကြောင်း မဟာမိတ်တပ်ဖွဲ့က ပြောကြားသည်။ ယင်းတိုက်ပွဲများတွင် မဟာမိတ်တပ်ဖွဲ့ဝင်များနှင့်အရပ်သားများ သေကျေဒဏ်ရာရရှိခြင်း မရှိကြောင်း ၎င်းတို့က ထည့်သွင်း ပြောကြားသည်။ ***အင်တာနက်။***



**အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့လေဆိပ်သို့ သွားရာလမ်းတွင် ဗုံးထိမှန် ပျက်စီးသွားသော အမေရိကန်စစ်ဘက်ယာဉ်တစ်စီးကို တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

## အီရတ်မြောက်ပိုင်း၌ သေနတ်သမားများတိုက်ခိုက် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံး

**ဘဂ္ဂဒက် နိုဝင်ဘာ ၂၇**

အီရတ်နိုင်ငံမြောက်ပိုင်းတွင် နိုဝင်ဘာ ၂၅ ရက်က အမည်မသိသေနတ်သမားများပစ်ခတ်မှုကြောင့် လူသားချင်း စာနာထောက်ပံ့ရေးပစ္စည်းများ ဝေငှနေသည့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်က ရေးသားဖော်ပြသည်။

အဆိုပါပစ်ခတ်မှုမှာ ဘဂ္ဂဒက်မြို့ မြောက်ဘက် ကီလိုမီတာ ၄၀၀ ခန့်အကွာရှိ မိုဆူးမြို့ အနောက်ဘက်ဒေသ၌ ဖြစ်ပွားခဲ့ပြီး မရိန်းတပ်ဖွဲ့ဝင်နှစ်ဦးနှင့် အီရတ်အရပ်သားသုံးဦးလည်း ဒဏ်ရာရရှိခဲ့သည်။

စစ်ဘက် ပြောဆိုချက်အရ သေနတ်သမားနှစ်ဦးအနက် တစ်ဦးမှာ အီရတ်စစ်ဝတ်စုံ ဝတ်ဆင်ထားကြောင်း၊ သို့သော် တိုက်ခိုက်သူမှာ အီရတ်တပ်ဖွဲ့ဝင်တစ်ဦး သို့မဟုတ် သောင်းကျန်းသူတစ်ဦး ဖြစ်သည်ကို ပြောဆိုခြင်းမရှိဟုဆိုသည်။

၂၀၀၃ ခုနှစ် မတ်လတွင် အမေရိကန်တို့ ကျူးကျော်ဝင်ရောက်ချိန်မှစ၍ အီရတ်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင် ၄၂၀၇ ဦး သေဆုံးခဲ့ရပြီဖြစ်ကြောင်း ပင်တဂွန်စစ်ဌာနချုပ်၏ ကိန်းဂဏန်းများအရ သိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***




## အာဖဂန်နစ္စတန်၌ ပြန်ပေးဆွဲခံရသူ တူရကီသုံးဦး ပြန်လည်လွတ်မြောက်

**အန်ကာရာ နိုဝင်ဘာ ၂၆**

အာဖဂန်နစ္စတန်နိုင်ငံတွင် လွန်ခဲ့သော လကုန်ပိုင်းက ပြန်ပေးဆွဲခံရသော တူရကီနိုင်ငံသား သုံးဦးတို့ ပြန်လည် လွတ်မြောက်လာကြောင်း တူရကီနိုင်ငံခြားရေး ဝန်ကြီးဌာနက အင်္ဂါနေ့တွင် ပြောကြားသည်။

လွတ်မြောက်လာသူ သုံးဦးကို တနင်္လာနေ့က ကဘူးမြို့ရှိ တူရကီသံရုံးသို့ခေါ်ဆောင်လာခဲ့ပြီးသောကြာနေ့တွင် တူရကီနိုင်ငံသို့ ပြန်နိုင်မည်ဟု မျှော်လင့်ရကြောင်း ယင်းဝန်ကြီးဌာနက ပြောကြားသည်။

တူရကီနိုင်ငံခြားရေး ဝန်ကြီးဌာနက တူရကီနိုင်ငံသားများအား လွတ်မြောက်ရန် ကူညီခဲ့သည့် အာဖဂန်တာဝန်ရှိသူများကိုလည်း ကျေးဇူးတင်ကြောင်း ထည့်သွင်းပြောကြားသည်။

၎င်းတို့ လွတ်မြောက်ရေးအတွက် ငွေကြေးပေး၍ ရွေးယူရခြင်း သို့မဟုတ် မည်သို့ လွှတ်ပေးခဲ့သည်ကို ရှင်းလင်းစွာ ပြောကြားခြင်းမရှိပေ။ ၎င်းတူရကီနိုင်ငံသားသုံးဦးသည် ခို့စ်ပြည်နယ်အရှေ့ပိုင်းရှိ ဆက်သွယ်ရေးလုပ်ငန်းဆိုင်ရာ စီမံကိန်းဌာနတွင် အလုပ်လုပ်နေစဉ် အောက်တိုဘာ ၂၂ ရက်က ပြန်ပေးဆွဲခံရခြင်းဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

## အမေရိကန်ပြည်ထောင်စု နယူးအော်လင်းမြို့၌ ရာဇဝတ်မှုအမြင့်ဆုံးနှုန်းရောက်

**ဝါရှင်တန် နိုဝင်ဘာ ၂၇**

အမေရိကန်ပြည်ထောင်စုရှိ နယူးအော်လင်းမြို့တွင် လွန်ခဲ့သောနှစ်က ရာဇဝတ်မှုဖြစ်ပွားနှုန်း အမြင့်ဆုံးသို့ ရောက်ရှိခဲ့သည်။ လူသတ်မှု ၂၀၉ မှုနှင့် အခြားရာဇဝတ်ကြောင်းဆိုင်ရာ မှုခင်းပေါင်း ၁၉၀၀ ကျော်ဖြစ်ပွားခဲ့သည်ဟု စီကျူသတင်း နှစ်ချုပ်အစီရင်ခံစာတွင် ဖော်ပြထားသည်။

အခြားသောရာဇဝတ်ပြစ်မှုဖြစ်ပွားနှုန်း မြင့်မားသော မြို့များမှာ ကင်ဒမ်၊ နယူးဂျာစီ၊ ဒက်ထရွိုက်၊ မီချီဂန်၊ စိန့်လူးဝစ်၊ မစ်ဆူရီနှင့် ကယ်လီဖိုးနီးယားရှိ အော့ကလန်တို့ဖြစ်သည်။ ***အင်တာနက်။***



**အီရန်နိုင်ငံ ဘာကူဘာမြို့ ဆေးရုံတွင် စစ်၏သားကောင်ဖြစ်ရရှာသော ဒုက္ခသည်ကလေးငယ်များ ဆေးကုသမှုခံယူနေသည်ကို တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

## ဘဂ္ဂဒက်၌လမ်းဘေးဗုံးများပေါက်ကွဲ နှစ်ဦး သေ၊ ၁၈ ဦး ဒဏ်ရာရ

**ဘဂ္ဂဒက် နိုဝင်ဘာ ၂၇**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့လယ်တွင် နိုဝင်ဘာ ၂၆ ရက်က လမ်းဘေးဗုံးများ ပေါက်ကွဲမှုကြောင့် အရပ်သားနှစ်ဦးသေဆုံးပြီး ရဲတပ်ဖွဲ့ဝင်ခြောက်ဦးအပါအဝင် ၁၈ ဦး ဒဏ်ရာရရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။

ဘဂ္ဂဒက်မြို့လယ်ရှိ ကာရာဒါခရိုင် ဖာဒတ်ရင်ပြင်အနီး ဘဂ္ဂဒက်ပြည်နယ်ကောင်စီမှ ဝန်ထမ်းများတင်ဆောင်လာသည့် ယာဉ်သည်လမ်းဘေးဗုံးဖြင့် တိုက်ခိုက်ခံရမှုကြောင့် အရပ်သားနှစ်ဦးသေဆုံးပြီး ၁၀ ဦးဒဏ်ရာရရှိသည်။ အလားတူ အင်ဒူလတ်ရင်ပြင်ရှိ ရဲကားအနီးလမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် ရဲတပ်ဖွဲ့ဝင်လေးဦး ဒဏ်ရာရရှိသည်။ ထို့ပြင် နီသယ်လမ်းတွင် လမ်းဘေးဗုံး ထပ်မံပေါက်ကွဲမှုကြောင့် အရပ်သားနှစ်ဦးမက ဒဏ်ရာရရှိသည်။ ***အင်တာနက်။***

## ရင်သားကင်ဆာအချို့ အလိုအလျောက်ပျောက်ကင်းနိုင်

**လန်ဒန် နိုဝင်ဘာ ၂၇**

နော်ဝေ အမျိုးသမီးများတွင် ရင်သားကင်ဆာဖြစ်ပွားမှုနှုန်း အခြေအနေကို သုတေသနပြုသူများက လေ့လာရာ ရင်သားတွင် အကျိတ်အဖုများ တွေ့ရသော်လည်း ယင်းအကျိတ်အဖုအချို့သည် သူ့အလိုအလျောက် ပြန်လည်ပျောက်ကင်းသည်ကို တွေ့ရသည်ဟုဆိုသည်။

အမျိုးသမီးများအနေဖြင့် ရင်သားကင်ဆာ စစ်ဆေးသော အထူးဓာတ်မှန်မာမိုဂရမ်ဖြင့် မှန်မှန်စစ်ဆေးရန် တိုက်တွန်းထားသည်။ ယင်းဓာတ်မှန်ဖြင့် စစ်ဆေးနည်းသည် ရောဂါကို စောစီးစွာ ရှာဖွေပေးနိုင်သည့် နည်းဖြစ်သည်။ ထိုကဲ့သို့ စောစီးစွာ သိရှိပါက အကောင်းဆုံးဖြစ်ပြီး ကုသရာ၌ လွယ်ကူစွာ ပျောက်ကင်းနိုင်သည်။ နော်ဝေဆေးသုတေသနဌာန၊ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုအဖွဲ့ရှိရာ အော့စလိုနှင့် နော်ဝေဂျီယန်၊ အမေရိကန်ကောလိပ်များမှ ဒေါက်တာ ပါဟင်းနရစ်ဇောလ်က ရင်သားကင်ဆာ ဖြစ်ပွားမှုနှုန်းကို ဆန်းစစ်လေ့လာရာ၌ အသက် ၅၀ မှ ၆၄ နှစ်ကြား အမျိုးသမီး ၁၂၀၀၀၀ကို မာမိုဂရမ်စက်ဖြင့် စစ်ဆေးကြည့်ခဲ့သည်။ ***အင်တာနက်။***

# နိုင်ငံတကာသတင်းမှတ်စု

## ရုရှား အာကာသယာဉ် ရိက္ခာတင်လွှတ်

ရုရှားနိုင်ငံသည် ကာဇက်စတန်ရှိ ဘိုက်ကိုနောအာကာသစခန်းမှ နိုင်ငံတကာအာကာသစခန်း (အိုင်အက်စ်အက်စ်)ရှိ အာကာသယာဉ်မှူးများအတွက် နှစ်သစ်ကူး လက်ဆောင်အဖြစ် ၂ ဒသမ ၅ တန်ရှိသော စားနပ်ရိက္ခာ၊ ရေ၊ အဝတ်အထည်များ၊ လောင်စာဆီများနှင့် ပစ္စည်းကိရိယာများ တင်ဆောင်ထားသည့် အာကာသကုန်တင်ယာဉ်ကို နိုဝင်ဘာ ၂၆ ရက် ဒေသစံတော်ချိန် ညနေ ၃ နာရီ ၃၈ မိနစ်က အိုင်အက်စ်အက်စ်သို့ လွှတ်တင်ခဲ့ကြောင်း ထိန်းချုပ်ရေးဌာနက ပြောကြားသည်။

## ရေအားလျှပ်စစ်စက်ရုံသစ်များ လာအို တည်ဆောက်မည်

လာအိုနိုင်ငံ ဟွာဖန်ပြည်နယ်တွင် ပြည်တွင်းလိုအပ်ချက်အတွက် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရန် ရေအားလျှပ်စစ်စက်ရုံသစ်များ တည်ဆောက်ရေးကို စီစဉ်လျက်ရှိကြောင်း နိုဝင်ဘာ ၂၆ ရက်ထုတ် လာအိုသတင်းစာက ရေးသားသည်။

ဟွာဖန်ပြည်နယ်၏ လျှပ်စစ်ဓာတ်အားကို ပြည်တွင်းရေအားလျှပ်စစ်စက်ရုံငယ်များကဖြန့်ဖြူးပေးလျက်ရှိပြီး နှစ်မဂ္ဂါဝပ်ခန့်ကို ဗီယက်နမ်နိုင်ငံမှ နှစ်စဉ်တင်သွင်းခဲ့ရသည်။

## ရိုမေးနီးယားကားကုမ္ပဏီ ဝန်ထမ်းလျှော့ချမည်

ရိုမေးနီးယားနိုင်ငံ၏ ထိပ်တန်းဒါဆီရာမော်တော်ကား ကုမ္ပဏီသည် ဘဏ္ဍာရေးအကျပ်အတည်းနှင့် ကြုံတွေ့နေရပြီး အခက်အခဲကာလကြာရှည်စွာ ဖြစ်ပေါ်နေပါက စုစုပေါင်းဝန်ထမ်း ၁၄၇၀၀ ဦး၏ ၂၀ ရာခိုင်နှုန်းသို့မဟုတ် လူ ၃၀၀၀ ကိုလျှော့ချသွားမည်ဖြစ်ကြောင်း နိုဝင်ဘာ ၂၆ ရက်ထုတ် ပြည်တွင်းစီးပွားရေးသတင်းစာက ဖော်ပြသည်။

## အကြမ်းဖက်ဝါဒတိုက်ဖျက်ရေး ပါကစ္စတန်နှင့်အိန္ဒိယ ဆွေးနွေး

ပါကစ္စတန်နှင့် အိန္ဒိယနိုင်ငံတို့အကြား အကြမ်းဖက်သမားများကို နှိမ်နင်းရန်ကြိုးပမ်းရာတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် ပတ်သက်၍ ဆွေးနွေးခဲ့သည်။ လွန်ခဲ့သောလများက နှစ်နိုင်ငံစလုံးတွင် ဗုံးခွဲတိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ပြီးနောက် နှစ်နိုင်ငံထိပ်တန်းနိုင်ငံခြားဝန်ကြီးဌာန တာဝန်ရှိသူများ ဆွေးနွေးမှုများ ပြုလုပ်လာပြီး၊ အကြမ်းဖက်တိုက်ဖျက်ရေးစီမံချက်၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး စီမံချက်၊ အရပ်သားအကျဉ်းသားများ လဲလှယ်ရေးနှင့် အက်ဖ်အိုင်အေနှင့်စီအိုင်ဒီတို့ ပူးပေါင်းဆောင်ရွက်ခြင်း အပါအဝင် လုပ်ငန်းစဉ်များကို ဆွေးနွေးကြကြောင်း ပါကစ္စတန်ပြည်ထဲရေး ဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

## ဖိလစ်ပိုင်၌သင်္ဘောသား ၁၆ဦး ကယ်တင်

ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်း၌ နစ်မြုပ်ခဲ့သော ကုန်တင်သင်္ဘောငယ်မှ သင်္ဘောသား ၁၆ဦးအား နိုဝင်ဘာ ၂၆ ရက် မွန်းတည့်ချိန်က ကယ်တင်နိုင်ခဲ့ကြောင်း၊ သင်္ဘောပေါ်တွင် လူ ၂၀ ပါရှိပြီး လေးဦးမှာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်ဖွဲ့က ပြောကြားသည်။

အယ်လ်ပီတီမတ်ခ်ဂျေဆွန်အမည်ရှိ ကုန်တင်သင်္ဘောသည် ဘာတာနက်စ်ကျွန်းစုမှ ရေမိုင် ၂၀၌ ရာသီဥတုကြမ်းတမ်းပြီး လှိုင်းထန်မှုကြောင့် အင်္ဂါနေ့က နစ်မြုပ်ခဲ့သည်။

## ပါလက်စတိုင်းတပ်ဖွဲ့ ဟားမတ်စ်အဖွဲ့ဝင် ၁၃ ဦးအား ဖမ်းဆီး

အနောက်ဘက်ကမ်းရှိ နာဘလပ်၊ ဆာဖိ၊ ဂျင်နီနှင့် ဟီဘရွန်မြို့တို့တွင် သမ္မတမာမွတ်အာဘတ်စ်၏ ပါလက်စတိုင်း လုံခြုံရေးတပ်ဖွဲ့များက ဟားမတ်စ် အဖွဲ့ဝင် ၁၃ဦးအား ဖမ်းဆီးခဲ့ကြောင်း၊ ယင်းသို့ ဖမ်းဆီးမှုကြောင့် ဟားမတ်စ်နှင့် ဖာတာအဖွဲ့တို့အကြား ပိုမိုတင်းမာလာပြီး လှုပ်ရှားမှုနှစ်ဖွဲ့စလုံးကို စေ့စပ်ပေးရန် ကြိုးပမ်းအားထုတ်မှုမှာ ခက်ခဲရှုပ်ထွေးလာကြောင်း ပါလက်စတိုင်းသတင်းတစ်ရပ်က နိုဝင်ဘာ ၂၆ ရက်တွင် ဖော်ပြသည်။

## ဆိုမာလီ၌ သတင်းထောက်နှစ်ဦး ပြန်ပေးဆွဲခံရ

ဆိုမာလီနိုင်ငံမြောက်ပိုင်းတွင် နိုဝင်ဘာ ၂၆ရက်က နိုင်ငံခြားသတင်းထောက်နှစ်ဦးအား ပြန်ပေးဆွဲသွားကြောင်း၊ တစ်ဦးမှာ ဗြိတိန်လူမျိုးဖြစ်ပြီး နှစ်ဦးစလုံးမှာ အသံလွှင့်ဌာနအတွက်လုပ်ကိုင်နေသူများဖြစ်ကြောင်း သတင်းဌာနများက ဖော်ပြသည်။

မိုဂါဒစ်ရှူးမြို့တွင် ဩဂုတ်လကတည်းက ပြန်ပေးဆွဲခံရသော ဩစတြေးလျအလွတ် သတင်းထောက်တစ်ဦးနှင့် ကနေဒါတစ်ဦးကို ယခုတိုင်အောင် ဖမ်းဆီးထားဆဲဖြစ်သည်။



အာကာသစခန်းယာဉ်တွင် တပ်ဆင်ထားသောရေသန့်စင်ရေး ကိရိယာ ပြန်လည်ပြင်ဆင်ပြီးစီးသွားပြီဖြစ်ကြောင်း အာကာသတွင်း၌ သတင်းစာရှင်းလင်းပွဲ ပြုလုပ်နေသည်ကို နိုဝင်ဘာ ၂၅ ရက်က တွေ့ရစဉ်။
*(ဓာတ်ပုံ-အင်တာနက်)*

## အိန္ဒိယရေတပ်က အေဒင်ပင်လယ်၌ နစ်မြုပ်လိုက်သည့် သင်္ဘော ပင်လယ်ဓားပြသင်္ဘောမဟုတ်ဘဲ ထိုင်းငါးဖမ်းသင်္ဘောဖြစ်နေ

**နယူးဒေလီ နိုဝင်ဘာ ၂၇**

အိန္ဒိယရေတပ်က လွန်ခဲ့သော သီတင်းပတ်အတွင်းတွင် နစ်မြုပ်ပစ်လိုက်သည့် ပင်လယ်ဓားပြများ၏ မိခင်ရေယာဉ်ဟု ယူဆရသော သင်္ဘောမှာ အမှန်စင်စစ် ပင်လယ်ဓားပြများက အပိုင်စီးနင်းထားသည့် ထိုင်းနိုင်ငံပိုင် ထရော်လာ ငါးဖမ်းသင်္ဘောသာဖြစ်ကြောင်း ရေကြောင်းသွားလာရေး အေဂျင်စီက နိုဝင်ဘာ ၂၆ ရက်တွင် ပြောကြားသည်။

ပင်လယ်ဓားပြများ သိမ်းထားသော အဆိုပါသင်္ဘောက အန္တရာယ်ပြုလာသဖြင့် မိမိကိုယ်မိမိ ကာကွယ်သည့်သဘောဖြင့် ပစ်ခတ်လိုက်ရခြင်းဖြစ်ကြောင်း အိန္ဒိယရေတပ်က ပြောကြားသည်။

ပင်လယ်ဓားပြများ သောင်းကျန်းနေသော ကမ္ဘာ့ရေကြောင်း ကုန်သွယ်ရေးတွင် အရေးပါသည့် ရေပြင်၌ အထက်ပါ အဖြစ်အပျက်သည် ရှားပါးပြီး အောင်မြင်သည့် ဓားပြနှိမ်နင်းမှုသတင်းပင် ဖြစ်သည်ဟု လက်ခံထားခဲ့သည်။ နိုဝင်ဘာ ၁၈ ရက်က ဖြစ်ပွားခဲ့သော အထက်ပါ ဖြစ်စဉ်တွင် ထိုင်းသင်္ဘောသား ၁၈ ဦး ပျောက်ဆုံးလျက်ရှိသည်ဟု ဆိုသည်။

အဆိုပါနေ့က ပျက်စီးသွားသော သင်္ဘောမှာ ထိုင်းငါးဖမ်းထရော်လာ အီကာဝတ်နာဗာ ၅ ဖြစ်ကြောင်း ထိုသင်္ဘောပိုင်ရှင်နှင့် ပင်လယ်ရေကြောင်းသွားလာရေး ဗျူရိုက ပြောကြားသည်။ ***အင်တာနက်။***

## ယူကရိန်း၌ ကျောက်မီးသွေးတွင်း ပေါက်ကွဲ ငါးဦးသေဆုံး

**ကီးဗ် နိုဝင်ဘာ ၂၇**

ယူကရိန်းနိုင်ငံ အရှေ့ဘက်ရှိ ကျောက်မီးသွေးတွင်း အဟောင်းတွင် ပေါက်ကွဲမှုဖြစ်ပွားရာ ငါးဦးသေဆုံးကြောင်း ကယ်ဆယ်ရေးဝန်ကြီးဌာနက နိုဝင်ဘာ ၂၄ ရက်တွင် ပြောကြားသည်။

အဆိုပါ ပေါက်ကွဲမှုသည် လူဂန့်ဒေသထရက်နီကျေးရွာအနီးနိုဝင်ဘာ ၂၃ ရက်က ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

စုံစမ်းစစ်ဆေးမှုများအရ ယင်းလိုဏ်ခေါင်းထဲတွင် မီသိုင်းဓာတ်ငွေ့များလွန်ကဲစွာများပြားလာခြင်းကြောင့် ယခုကဲ့သို့ ပေါက်ကွဲခြင်းဖြစ်သည်ဟု သိရသည်။ ဒေသခံများသည် အဆိုပါ ကျောက်မီးသွေး တွင်းဟောင်းကို ပြန်လည်တူးဖော်ရန် ကြိုးစားစဉ် ယခုကဲ့သို့ပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး ၎င်းတို့အားလုံး သေဆုံးခဲ့ရကြောင်း ဒေသဆိုင်ရာ သတင်းများက ဖော်ပြသည်။ ***အင်တာနက်။***

## ဆိုမာလီကမ်းလွန်ဒေသကို ပိတ်ဆို့ထားရန် သင်္ဘောကုမ္ပဏီများ တိုက်တွန်း

**ကွာလာလမ်ပူ နိုဝင်ဘာ ၂၇**

နိုဝင်ဘာ ၂၄ရက်ကကမ္ဘာတစ်ဝန်း ရှိ ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းရှင်များ သို့မဟုတ် သင်္ဘောကုမ္ပဏီပိုင်ရှင်များ စုဝေးကာ ရေတပ်အနေဖြင့် ဆိုမာလီကမ်းလွန် ဒေသတစ်လျှောက်တွင် ပင်လယ်ဓားပြများ၏ သင်္ဘောများ ဝင်ရောက်သွားလာခွင့် မရှိစေရန်နှင့် တားဆီးပိတ်ဆို့မှုများ ပြုလုပ်ရန် တိုက်တွန်းကြောင်း ပြောကြားသည်။

သို့သော် ဆိုမာလီကမ်းလွန်ဒေသ တွင် စစ်သင်္ဘောလေးစင်း ချထားသော နေတိုးရေတပ်က အဆိုပါ ပြောကြားချက်ကို လက်မခံဘဲ ငြင်းဆိုခဲ့သည်။ ရေနံတင်သင်္ဘောအစင်း ၂၀ သည် ဆိုမာလီပင်လယ်ပြင်ကို နေ့စဉ်ဖြတ်သန်းခုတ်မောင်းနေရသည်။ ***အင်တာနက်။***

## အီရန်က အာကာသအတွင်း ဒုံးပျံအောင်မြင်စွာ စမ်းသပ်ပစ်လွှတ်

**တီဟီရန် နိုဝင်ဘာ ၂၇**

အီရန်နိုင်ငံသည် နိုဝင်ဘာ ၂၆ ရက်ကအာကာသတွင်းသို့ ဒုံးပျံ တစ်စင်းကို အောင်မြင်စွာ ပစ်လွှတ်ခဲ့ကြောင်းရုပ်သံနှင့်ဝက်ဘ်ဆိုက်သတင်းများက ဖော်ပြသည်။

ထိုဒုံးပျံကို အီရန်ဘာသာစကားအားဖြင့် ကာဗောချ်-၂ (စူးစမ်းရေး) ဒုံးပျံဟု သုံးနှုန်းခေါ်ဝေါ်သည်။ ယင်းဒုံးပျံသည် အာကာသအတွင်း တက်သွားပြီးနောက် လုပ်ငန်းများ ပြီးစီးသွားချိန်တွင် မြေပြင်သို့ လေထီးဖြင့် ပြန်လည်ဆင်းသက်လာသည်။

အီရန်နိုင်ငံ၏ အာကာသသိပ္ပံစူးစမ်း လေ့လာရေးအစီအစဉ်များ အတိုင်း အထက်ပါ ဒုံးပျံအစီအစဉ်ကို အကောင်အထည်ဖော်နေခြင်း ဖြစ်သည်ဟု အီရန်ဝေဟင်နှင့် အာကာသသုတေသနဌာနမှ ပြောကြားသည်။

ယခု ဒုံးပျံလွှတ်တင်ခြင်း မပြုမီ ဩဂုတ်လအတွင်းက အီရန်တို့သည် ဆာဖီရာ (ဆက်သား)အမည်ရှိ ဒုံးပျံတစ်စင်းကိုလွှတ်တင်ခဲ့သည်။ ယင်းဒုံးပျံသည် ပြည်တွင်းဖြစ် ဒုံးပျံဖြစ်ပြီး အပေါ့စားဂြိုဟ်တုများကိုသယ်ဆောင်နိုင်စွမ်းရှိသည်။ အီရန်၏ ထိုဒုံးပျံစမ်းသပ်ရေး အစီအစဉ်များသည် တာဝေးပစ်တိုက်ချင်းပစ် ဒုံးလက်နက်များ စမ်းသပ်နေခြင်းပင်ဖြစ်သည်ဟု အနောက်နိုင်ငံများက သင်္ကာမကင်းဖြစ်လျက်ရှိသည်။

အီရန်တို့ကမူ ထိုဒုံးပျံစမ်းသပ်မှုသည် အဝေးမှ အာရုံခံခြင်း၊ သဘာဝဘေးရန် ကာကွယ်ခြင်း၊ ဆက်သွယ်ရေးနှင့် ရုပ်သံထုတ်လွှင့်ခြင်းလုပ်ငန်းများတွင် အသုံးပြုရန် ဖြစ်သည်ဟုဆိုသည်။ ***အင်တာနက်။***

## အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့ နေရာအနှံ့အပြားတွင် အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပွား

**သေနတ်သမားတို့၏ ဝင်ရောက်ပစ်ခတ်မှုကြောင့် တပ်ချ်မဟာဟိုတယ်၏ထိပ်ဆုံးအထပ်တွင် မီးလောင်နေစဉ်။**



နယူးဒေလီ နိုဝင်ဘာ ၂၇

**အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့၌ အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပွားပြီးနောက် မြို့တော်နယူးဒေလီတွင် ဝန်ကြီးချုပ် မန်မိုဟန်ဆင်း၏ ရွေးကောက်ပွဲ လူထုအစည်းအဝေး ကျင်းပမည့် အစီအစဉ်ကို ကြာသပတေးနေ့က ဖျက်သိမ်းလိုက်ကြောင်း အင်ဒို-အေရှန်း နယူးဆားဗစ်က ဖော်ပြသည်။**

### အင်တာနက် နောက်ဆုံးရသတင်း



**မွမ်ဘိုင်း မြို့မီးရထားဘူတာရုံတွင် အကြမ်းဖက် တိုက်ခိုက်သူများအနက်မှ လက်နက်ကိုင်တစ်ဦးကို တွေ့ရစဉ်။**
*(ဓာတ်ပုံ-အင်တာနက်)*

ဝန်ကြီးချုပ်က အစိုးရအဖွဲ့ အရေးပေါ်အစည်းအဝေးကိုလည်း ခေါ်ဆိုခဲ့သည်။ အိန္ဒိယပြည်ထဲရေးဝန်ကြီး ရှီရာဂ်ျပတေးက ထိုအစည်းအဝေးအတွက် မွမ်ဘိုင်းမြို့မှ နယူးဒေလီမြို့သို့ ပြန်လာခဲ့သည်။

မွမ်ဘိုင်းမြို့တွင် ဟိုတယ်များ၊ ဆေးရုံများနှင့် ရထားဘူတာများ အပါအဝင် ၁၀ နေရာကို ဗုဒ္ဓဟူးနေ့ ညနေပိုင်းကတည်းက အစီအစဉ်လိုက် တစ်ဆက်တည်း အကြမ်းဖက်တိုက်ခိုက်ရာ လူပေါင်း ၁၂၅ဦး သေဆုံးပြီး ၃၂၇ဦး ဒဏ်ရာရရှိခဲ့သည်။ အကြမ်းဖက်သမားများက ကမ္ဘာလှည့်ခရီးသည်များနှင့် အခြားဧည့်သည်များကို ကြယ်ငါးပွင့်အဆင့်ရှိ ဟိုတယ် နှစ်ခုတွင် ဓားစာခံများအဖြစ် ကြာသပတေးနေ့အထိ ဖမ်းဆီးထားလျက်ရှိသည်။

အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားသည့် မွမ်ဘိုင်းမြို့၏ လုံခြုံရေးနှင့် အခြေအနေ တည်ငြိမ်ရေးအတွက်ထိန်းချုပ်ရန် ကြည်းတပ်ဖွဲ့ကို ခေါ်ယူခဲ့သည်။ အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းက မွမ်ဘိုင်းမြို့တွင် လူအများအပြား သေဆုံးအောင် အကြမ်းဖက်တိုက်ခိုက်သော အဖွဲ့အစည်းသည် နိုင်ငံခြားတိုင်းပြည်တစ်ပြည်တွင် အခြေစိုက်သော အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း ကြာသပတေးနေ့က ပြောကြားသည်။

အဆိုပါ တိုက်ခိုက်မှုကို ဒက်ကန်မူဂျာဟီဒင် ဆိုသောအဖွဲ့က ၎င်းတို့၏ လက်ချက်ဖြစ်ကြောင်း အိန္ဒိယသတင်းဌာနများသို့ အီးမေးလ်ပို့ခဲ့သည်။ သို့သော် ကျွမ်းကျင်သူများက ထိုအဖွဲ့အမည်ကို မသိရှိကြဟုဆိုသည်။ အယ်လ်ခိုင်ဒါ အဖွဲ့နှင့် ဆက်စပ်မှုမရှိနိုင်ကြောင်း လေ့လာသူများက ပြောသည်။

ပြည်ထဲရေးဝန်ကြီးဌာနမှတာဝန်ရှိသူ အမ်အယ်လ်ကူမာဝပ်က ထရိုင်းဒင့်ဟိုတယ်တွင် လူ၂၀ မှ ၃၀ ဦးဓားစာခံအဖြစ် ဖမ်းထားခြင်းခံရဖွယ်ရှိသည်ဟု ရိုက်တာသို့ ပြောကြားသည်။

ကြာသပတေးနေ့ ညနေပိုင်းတွင် ရဲအရာရှိတစ်ဦးက တပ်ချ်မဟာဟိုတယ်နှင့် ထရိုင်းဒင့် ဟိုတယ်များမှ ဓားစာခံများ အားလုံးကို ကယ်ဆယ်ပြီးဖြစ်ကြောင်း၊ အချို့ဧည့်သည်များမှာ မိမိတို့၏ အခန်းထဲတွင် တံခါးပိတ်၍ နေနေကြကြောင်း ပြောကြားသည်။

ရဲတပ်ဖွဲ့က အကြမ်းဖက်သမားဟု သံသယရှိသူ ခြောက်ဦးကို အသေဖမ်းမိပြီး ကိုးဦးကို အရှင်ဖမ်းမိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။
***အမ်အင်အေ၊ဆင်ဟွာ။***

**အကြမ်းဖက်သေနတ်သမားများသည် အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့ မီးရထားဘူတာရုံကို ဝင်ရောက်ပစ်ခတ်ရာ အပျက်အစီးများ၊ ပြန့်ကြဲနေသော ခရီးဆောင်အိတ်များကို တွေ့ရစဉ်။** (ယင်းတိုက်ခိုက်မှုတွင် ခရီးသည် ၁၀ဦး သေဆုံးခဲ့သည်။)



# စာဆိုတော်နေ့ဂုဏ်ပြု သက်ကြီးစာပေပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲ

စာပေသည် လူမျိုး၏ ယဉ်ကျေးမှုမဏ္ဍိုင်ဖြစ်သည်။ **"စာပေမြင့်မှ လူမျိုးတင့်မည်"** ဆိုသည့် ဆိုရိုးစကားသည် မြန်မာမှုနယ်ပယ်တွင် နှစ်ပေါင်းများစွာကပင် တည်ရှိခဲ့ပြီးဖြစ်သည်။ စာပေသည် တိုင်းပြည်တစ်ပြည်၊ လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုအဆင့်အတန်းကို ဖော်ပြနေသည်။ မြန်မာနိုင်ငံသည် ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုး၊ ကိုယ်ပိုင်ယဉ်ကျေးမှုတို့ဖြင့် အစွန့်ရှည်ကြာစွာ ရပ်တည်လာခဲ့သည်။ ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်အနုသုခုမ ပညာရပ်များ ဖြစ်တည်ထွန်းကားလာခဲ့သောကြောင့် ကမ္ဘာ့အလယ်တွင် ဂုဏ်ယူဝင့်ကြွားဖွယ်ရာဖြစ်ပါသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် မြန်မာ့ အနုပညာ၊ ယဉ်ကျေးမှုသုခုမပညာရပ်များ မပျောက်ပျက်စေဘဲ အစဉ် တိုးတက် တည်တံ့နေစေရန် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများကို နှစ်စဉ်ခမ်းနားစွာ ကျင်းပပေးလျက်ရှိသကဲ့သို့ စာပေအဆင့်အတန်း တိုးတက်မြင့်မားစေရေးအတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုစသည့် ထိုက်တန်သော ဆုများဖြင့် နှစ်စဉ်ချီးမြှင့်အားပေးလျက်ရှိသည်။ ထို့ပြင် ပုဂ္ဂလိကစာပေ မြတ်နိုးသူများကလည်း ပြန်ကြားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့တို့၏ ကြီးကြပ်မှုဖြင့် စာပေဆုများ ချီးမြှင့်လျက်ရှိသည်။ ပခုက္ကူဦးအုံးဖေစာပေဆု၊ ဆရာဝန်တင်ရွှေစာပေဆု၊ ထွန်းဖောင်ဒေးရှင်းစာပေဆု၊ သုတစွယ်စုံစာပေဆု စသည့် စာပေဆိုင်ရာ ဆုကြီးများအပြင် မဂ္ဂဇင်းများ၊ ဂျာနယ်များက ပါဝင်ပံ့ပိုးချီးမြှင့်သော စာပေဆုများလည်း ပါဝင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနကလည်း တစ်နိုင်ငံလုံး နယ်စွန်နယ်ဖျား ကျေးလက်ဒေသများ ပါမကျန် ပြည်သူများ စာပေဗဟုသုတကြွယ်ဝ၍ စာပေအဆင့်မြင့်မားစေရန်အတွက် စာကြည့်တိုက်များ ဖွင့်လှစ်ပေးခဲ့ရာ အောင်မြင်မှုများ ရရှိနေပါသည်။

စာရေးသူတို့ မြန်မာနိုင်ငံတွင် စာပေဖြင့် နိုင်ငံနှင့် လူမျိုးဂုဏ်ကို မြှင့်တင်ဖော်ဆောင်ပေးခဲ့သော ခေတ်အဆက်ဆက်မှ စာပေပညာရှင်ကြီးများအား ဂုဏ်ပြုသည့်အနေဖြင့် နှစ်စဉ် နတ်တော်လဆန်း ၁ ရက်နေ့ကို **"စာဆိုတော်နေ့"** အဖြစ် သတ်မှတ်၍ အခမ်းအနားများကို ၁၃၀၆ ခုနှစ်မှ စတင်ကျင်းပလာခဲ့ရာ ယခုနှစ်အထိ နှစ်ပေါင်း ၆၄ နှစ်ရှိခဲ့ပြီ ဖြစ်ပါသည်။

စာဆိုတော်နေ့ရောက်တိုင်း ပြန်ကြားရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ပြန်ကြားရေးဝန်ကြီးဌာန အောက်ရှိ ဌာနများနှင့် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့တို့က ကြီးမှူး၍ မြန်မာတစ်နိုင်ငံလုံးရှိ အသက် (၈၀) နှစ်နှင့်အထက် သက်ရှိထင်ရှားရှိနေကြသော စာပေပညာရှင်ကြီးများအား ပူဇော်ကန်တော့ပွဲကို နှစ်စဉ် ရန်ကုန်မြို့တော်ခန်းမ၌ ခမ်းနားထည်ဝါစွာ ကျင်းပခဲ့ပါသည်။

ယခင်နှစ်က အသက် (၈၀) ကျော် သက်ရှိထင်ရှားရှိသူ စာရေးဆရာကြီး၊ ဆရာမကြီး ၁၂၀ ရှိခဲ့ရာမှ ကိုးဦးမှာ ကွယ်လွန်သွားခဲ့ပြီး ယခုနှစ် စာဆိုတော်နေ့တွင် အသက် (၈၀) ကျော်လာသူ ဆရာကြီး၊ ဆရာမကြီး ၂၀ ထပ်မံတိုးလာခဲ့သဖြင့် စုစုပေါင်း ၁၃၁ ဦးကို အခမ်းအနားဖြင့် ထိုက်တန်စွာ ချီးမြှင့်ကန်တော့ကြမည်ဖြစ်ပါသည်။

မကြာမီ ရောက်ရှိတော့မည့်**"စာဆိုတော်နေ့"**စာပေပညာရှင်ကြီးများကန်တော့ပွဲအတွက် အလှူငွေများ လှူဒါန်းလက်ခံပွဲကို အောက်တိုဘာလ ၂ ရက်က ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်ချီးမြှင့်ခဲ့ပြီး တာဝန်ရှိသူများနှင့်အတူ လှူဒါန်းငွေများကို လက်ခံခဲ့ပါသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီက စာပေပညာရှင် သက်ကြီးဆရာကြီး၊ ဆရာမကြီး တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀

**ခင်မောင်ထွန်း(လမ်းမတော်)**

စီ လှူဒါန်းမည်ဖြစ်ရာ အလှူငွေကျပ် ၃၉၃၀၀၀၀ မတည်လှူဒါန်းခဲ့ပြီး ပြန်ကြားရေးဝန်ကြီးဌာန အပါအဝင် ဝန်ကြီးဌာနများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် မန္တလေးလူထုလူတန်းစား အဖွဲ့အစည်းများ၊ စာပေထုတ်ဝေသူများ၊ ပုံနှိပ်သူများ၊ စာပေပညာရှင်များနှင့်ဝါသနာရှင်များ၊ ပုဂ္ဂလိကအလှူရှင်များက လှူဒါန်းခဲ့ကြရာ အလှူငွေ စုစုပေါင်း ငွေကျပ် ၁၈၆၀၄၀၀၀နှင့် ဆေးနှင့်ဝတ္ထုပစ္စည်း ငွေကျပ် ၁၁ သိန်းဖိုး လှူဒါန်းခဲ့ကြပါသည်။

စာရေးသူသည် မြန်မာလူမျိုးတို့၏ အသက်အရွယ်ကြီးရင့်သူများ၊ စာပေပညာရှင်ကြီးများကို ဂုဏ်ပြုသော **"စာဆိုတော်နေ့"**သို့ ရောက်ချိန်နီးကပ်လာတိုင်း ကန်တော့ခံစာပေပညာရှင် ဆရာကြီးတစ်ဦး ဖြစ်ခဲ့သော ဆရာကြီး **"ဒဂုန်နတ်ရှင်"**၏ အသက်အရွယ်ကြီးရင့် အိုမင်းမစွမ်းဖြစ်လာရသောအခါ ခံစားရေးသားခဲ့သည့် အောက်ပါကဗျာလေးကို စွဲမြဲစွာ သတိရနေမိပါသည်။

**"ကလောင်တုံးချိန်၊ ခါးကုန်းချိန်"**

**ရွှေကလောင်အသွားတုံးပေါ့၊ ခါးကုန်းလို့လက်တုန်**
**နားဦးစို့သက်လုံရယ်၊ ကွယ်မစုံရွယ်ရင့်**
**မှန်စကျွ မကြည်ဝေတယ်၊ ဒီဂရီတွေတိုးလို့သာမြင့်**
**ရေးရင်းခုဝေဒနာမှာ၊ ထွေထွေရာပိုထင့်**
**ငွေအသပြာအပိုဆင့်စေတော့၊ မလိုချင့် မလိုချင်**
**ရေသည်လိုအကျိုးပေးပုံက၊ ထမ်းပိုးဆွေး ဆွေးရလို့ပင်**
**ဇက်ခေါင်းနဲ့လက်မောင်းပြင်မှာ၊ ခက်ကောင်းပင်**
**ခက်ရချည်ရဲ့**
**တက်၊ မတက်တိုးချဲ့ကာလာ၊ ဆိုးတဲ့ဝေဒနာ**
**မိုးတစ်လှည့် လေတစ်ခါဝယ်၊**
**မနေသာလွန်းလို့လေး . . . ။**

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့သည် ၁၃၇၀ ပြည့်နှစ် စာဆိုတော်နေ့ သက်ကြီးစာပေပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ကူညီပံ့ပိုးမှုဖြင့် "ရန်ကုန်မြို့တော်ခန်းမ"၌ မကြာမီကျင်းပတော့မည် ဖြစ်သည်။

စာပေမြတ်နိုးသူများ၊ ပါဝင်လှူဒါန်းလိုသူများသည် **မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ရုံးချုပ် (စာပေဗိမာန်အပေါ်ထပ်) ဖုန်း- ၂၅၂၄၁၇ သို့** ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးရင်း စာဆိုတော်နေ့ကို ဂုဏ်ပြုကျင်းပမည့် သက်ကြီးစာပေပညာရှင်ကြီးများ ကန်တော့ပွဲကို ကြိုဆိုတင်ပြလိုက်ရပါသည်။ ။

**ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကလည်း တစ်နိုင်ငံလုံး နယ်စွန်နယ်ဖျား ကျေးလက်ဒေသများပါမကျန် ပြည်သူများ စာပေဗဟုသုတကြွယ်ဝ၍ စာပေအဆင့်မြင့်မားစေရန်အတွက် စာကြည့်တိုက်များ ဖွင့်လှစ်ပေးခဲ့ရာ အောင်မြင်မှုများ ရရှိနေ။**

## နှစ်စဉ်ဆင်နွှဲ စာဆိုပွဲ

❒ သဇင်နှင်းခ၊ ဟေမန္တရာသီ
စာဆိုတော်ပွဲ၊ ဆင်နွှဲခါတော်မီ
ဦးခိုက်တင်ချီ၊ အဉ္စလီပဏာမ
သက်ကြီးရွယ်အို၊ မြတ်စာဆို
ကြည်ညိုကန်တော့ကြသည်နှင့်လေး။ ။

❒ ကျေးဇူးကြီးလှ၊ ဘဝတစ်လျှောက်မှာ
ကလောင်ကိုင်လျက်၊ ထမ်းရွက်ပြည့်ဝန်တာ
ဝတ္ထုကဗျာ၊ စာအမျိုးမျိုး
ပြည်သူ့ရင်မှာ၊ သိပညာ
တင်ကာလှူဆော်နှိုးသည်နှင့်လေး။ ။

❒ နိုင်ငံနှင့်လူမျိုး၊ အကျိုးပြုစာပေ
မျိုးချစ်စိတ်ဓာတ်၊ ခိုင်မတ်ရှင်သန်စေ
ရေးဖွဲ့ကြပေ၊ ပြေ(ပြည်)နိုင်ငံ့အရေး
အမျိုးသားစာပေ၊ ဆုထွေထွေ
မသွေချီးမြှင့်ပေးသည်နှင့်လေး။ ။

❒ ချမ်းမြမြအေး၊ ဖွေးဖွေးနှင်းမှုန်လွှာ
မြန်ပြည်အဝှမ်း၊ ခြိုလွှမ်းဇာပဝါ
နတ်တော်လမှာ၊ ပြည်ရွာခြိမ့်သဲ
ရက်မြတ်ခါတွင်၊ စာသဘင်
ဆင်ယင်ကျင်းပနွှဲသည်နှင့်လေး။ ။

တူပျော်တွဲရွှင်စရာ မင်္ဂလာတစ်မျိုးဝင့်ရော့မည်။
ပူဇော်ပွဲသဘင်မှာ စဉ်အလာမည်သျှိုးတင့်တော့သည်။

**မောင်ရွှေနွယ်(အင်းလေး)**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၈-၁၁-၂၀၀၈ (သောကြာနေ့)

AM & PM

| | |
|---|---|
| ၇း၀၀ - ၁း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ - ၁း၀၅ | "အဓိမာနနှင့် ငြိမ်းအေးခြင်း"တရားတော် (ဆရာတော် ဘဒ္ဒန္တကုဏ္ဍာဝုဓာဘိဝံသ) |
| ၈း၀၀ - ၂း၀၀ | ဖန်သားရုပ်မြင်စာဆိုသဘင် (စာရေးဆရာမောင်ဆုရှင်) |
| ၈း၃၀ - ၂း၃၀ | တေးဂီတအစီအစဉ် |
| ၈း၃၅ - ၂း၃၅ | Art Vision (သာစွရခိုင်ပန်းချီပြပွဲ) |
| ၈း၅၀ - ၂း၅၀ | တေးဂီတအစီအစဉ် |
| ၈း၅၅ - ၂း၅၅ | ယွန်းဖြစ်တည်ရာကျောက္ကာရွာ |
| ၉း၀၅ - ၃း၀၅ | Yangon Panorama (Canon New Product Launch) |
| ၉း၁၅ - ၃း၁၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၂၅ - ၃း၂၅ | တေးဂီတအစီအစဉ် |
| ၉း၃၀ - ၃း၃၀ | PC လုံခြုံရေး |
| ၉း၄၅ - ၃း၄၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉း၅၀ - ၃း၅၀ | Fashion Guide (ဒီဇိုင်နာ ဆန်းဘောက်ရာ၏ဖက်ရှင်များ) |
| ၁၀း၁၀ - ၄း၁၀ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၁၅ - ၄း၁၅ | တေးဂီတအစီအစဉ် |
| ၁၀း၂၀ - ၄း၂၀ | ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးနှင့်ဆွေးနွေးခန်း) |
| ၁၀း၄၀ - ၄း၄၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၀း၅၀ - ၄း၅၀ | သီးနှံစိုက်ပျိုးအထွက်တိုး (မတ်ပဲအထွက်တိုးစရာစိုက်ပျိုးနည်းပညာ) |
| ၁၁း၀၀ - ၅း၀၀ | လေလှိုင်းမှဖြေကြား ပရိသတ်များအမေးစကား |
| ၁၁း၂၀ - ၅း၂၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၂၅ - ၅း၂၅ | 'ဒါ'ဖောရိန်းမိတ်တဲ့လားဗျာ (ထူးသာ၊ညီကျော်၊ဆုပန်ထွာ) [ဒါရိုက်တာ-ဝေဠု(ဝဿန်)] |
| ၁၁း၃၅ - ၅း၃၅ | တေးဂီတအစီအစဉ် |
| ၁၁း၄၀ - ၅း၄၀ | နေချင်စဖွယ်အိမ်အလှဆင်ကြမယ် |
| ၁၁း၅၅ - ၅း၅၅ | ဂီတသံစဉ်အလှဆင်"ခင်ယုမေ" |
| ၁၂း၁၀ - ၆း၁၀ | ACT အေးချမ်းသာပရဟိတကျောင်း |
| ၁၂း၄၀ - ၆း၄၀ | များများသယ်၊ မြန်မြန်ပို့၊ ပြည်သူတွေစိတ်ချမ်းသာဖို့ |
| ၁း၀၀ - ၇း၀၀ | MRTV-4 အပိတ် Logo |

**MRTV-4** အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် **UHF** တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

## အင်းစိန်တီမွေးကုတက္ကသိုလ် (၁၉၇၁-၇၇) အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၇**

ရန်ကုန်၊ အင်းစိန် တိမွေးကုတက္ကသိုလ် (၁၉၇၁- ၇၇) စာသင်နှစ်အတွင်း အတူတကွ ပညာဆည်းပူးခဲ့ကြသော သူငယ်ချင်း ကျောင်းသား၊ ကျောင်းသူများ၏ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၄ ရက် (လွတ်လပ်ရေးနေ့)၊ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ကမ်းနားလမ်း၊ မြန်မာ့စက်မှုဆိပ်ကမ်းရှေ့ WESTERN PARK RUBY RESTAURANT ၌ ကျင်းပမည်ဖြစ်ရာ သူငယ်ချင်းအားလုံး တက်ရောက်ကြပါရန်နှင့် အလှူငွေများကို ဒုတိယဗိုလ်မှူးကြီး မြင့်သန်း(ငြိမ်း)ဖုန်း- ၀၉၅၀၂၁၃၃၁၊ ၆၃၈၂၃၄၊ မျိုးတင့် - မနုနုဝင်း ဖုန်း- ၀၉၅၁၁၁၈၂၉၊ ၂၂၆၉၄၂၊ မောင်မောင်ကြီး ဖုန်း - ၃၇၂၇၂၆၊ မလှလှသိန်း ဖုန်း - ၀၉၅၁၄၇၀၅၅၊ ၆၄၂၈၁၇၊ နန်းခင်မေဖူး ဖုန်း- ၀၉၅၀၀၁၁၈၁၊ ၅၇၈၂၁၉၊ မခင်ကျော့ယဉ် ဖုန်း - ၀၉၅၁၅၈၄၆၊ ၀၂- ၆၆၀၃၇၊ မန်းတင်ဝင်း ဖုန်း- ၀၉၂၀၁၆၇၅၆၊ ၀၂- ၂၃၈၀၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

# လုံးချောနှင့်ဝင်းထွန်းတို့ ရင်ဆိုင်တွေ့ဦးမည့် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၇

**မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၊ အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ရိုးရာအားကစား အဖွဲ့ချုပ်တို့က ကြီးမှူး၍ Calsome ကွေကာ (Myanmar Distribution Group Co., Ltd.) ၏ အဓိကပံ့ပိုးကူညီမှုဖြင့် ကျင်းပမည့် မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်ရန်ပုံငွေ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို နိုဝင်ဘာ ၃၀ရက် မွန်းလွဲ ၂နာရီတွင် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏ၌ ကျင်းပမည်ဖြစ်သည်။**

အဆိုပါ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲတွင် အဓိကပွဲစဉ်အဖြစ် မြန်မာပြည်ချန်ပီယံ လုံးချောနှင့် သုံးထပ်ကွမ်းရွှေခါးပတ်ချန်ပီယံ ဝင်းထွန်းတို့ ထိုးသတ်ကြမည်ဖြစ်သည်။ ယင်းနေ့တွင် ငါးချီစိန်ခေါ်ပွဲ ၁၀ပွဲထိုးသတ်ကြမည်ဖြစ်ပြီး ပရိသတ်အကြိုက်တွေ့နေကြသည့် ဖိုးကေ၊ စောပဂရေမှူး၊ ဒေါင်းညိုလေးတို့၏ ပွဲစဉ်များလည်း ပါဝင်မည်ဖြစ်သည်။ ထိုးသတ်ကြမည့် ငါးချီစိန်ခေါ်ပွဲကြီးများမှာ လုံးချော (ညောင်တုန်း)နှင့် ဝင်းထွန်း(လယ်/ဆည်)၊ ဒေါင်းညိုလေး(ဒေါင်းမြန်မာ) နှင့် စောပဂရေမှူး(တွံတေး)၊ မြနန်းတော်(မြန်မာပြည်သား)နှင့် ထွန်းထွန်း (မြဝတီ)၊ စောအာကာ (K.L.N) နှင့် ဖိုးကေ(မန္တလေး)၊ သားသား(K.L.N) နှင့် မင်းရန်နိုင်(သထုံ)၊ ဒေါနအောင် (အဖြူရောင်သွေးသစ်)နှင့် ကျန်စစ်အောင်(မြို့တော်စည်ပင်)၊ စောသဲမင်း (K.L.N) နှင့် စောနေအောင်(အဖြူရောင်သွေးသစ်)၊ ထစ်ချုန်း(မိုးသောက်ကြယ်)နှင့် ခိုင်စကြာ(သထုံ)၊ နိုင်သန်းစိန်(အဖြူရောင်သွေးသစ်)နှင့် မိုက်တိုင်ဆန်(အလင်းရောင်)၊ မိုးသီး (မြန်မာပြည်သား)နှင့် မိုးမခ(မန္တလေး) တို့ဖြစ်ကြသည်။



မျှော်စင်ကျွန်းမှ စိန်ခေါ်သံ(၈)တွင် တွေ့ဆုံစဉ်က လုံးချောနှင့် ဝင်းထွန်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့စဉ်။

သတင်းနှင့်ဓာတ်ပုံ
စိုးညွန့်(ကြေးမုံ)

မြန်မာပြည်ချန်ပီယံ လုံးချောနှင့် သုံးထပ်ကွမ်း ရွှေခါးပတ်ချန်ပီယံ ဝင်းထွန်းတို့မှာ ယခုနှစ်အတွင်း ဒုတိယအကြိမ် တွေ့ဆုံကြခြင်းဖြစ်ပြီး ၂၀၀၈ ခုနှစ် ဧပြီ ၂၅ ရက်တွင် မျှော်စင်ကျွန်းမှ စိန်ခေါ်သံ(၈)တွင် ပထမအကြိမ် တွေ့ဆုံထားကြသည်။ ယင်းပွဲတွင် နှစ်ဦးစလုံး အလဲအကွဲများဖြင့် ပူးတွဲသရေကျထားကြသည်။ လုံးချောရော ဝင်းထွန်းပါ သွေးစီးစီးကျခဲ့သော်လည်း အလဲထိုးနိုင်ခြင်းမရှိ၍ အရှုံးအနိုင် မပေါ်ခဲ့ပေ။ အချီအစများတွင် လုံးချောလက်ရည်သာသလို ရှိခဲ့သော်လည်း ဒုတိယအချီနှင့် တတိယအချီများတွင် ဝင်းထွန်း၏ လက်သီးချက်များကြောင့် လုံးချော အနားတောင်းရသည် အထိပင် ဖြစ်ခဲ့ဖူးသည်။

ယခု ပြန်လည်တွေ့ဆုံရာတွင်မူ အရှုံးအနိုင် အဖြေထွက်မလား သို့မဟုတ် ပထမအကြိမ်ကလိုပင် သရေပွဲဖြင့်ပင် ပွဲသိမ်းဦးမည်လား စောင့်ကြည့်ရမည်ဖြစ်သည်။ နှစ်ဦးစလုံး နောက်ဆုံးထိုးသတ်ခဲ့သောပွဲများမှာ နိုဝင်ဘာ ၉ရက်က ထိုင်းလက်ဝှေ့ကျော်များနှင့် ထိုးသတ်ခဲ့ခြင်း ဖြစ်သည်။ လုံးချောက ပြိုင်ဘက် ထိုင်းလက်ဝှေ့ကျော် ထွန်ထောင်းကို အလဲထိုးဖြင့် အနိုင်ရရှိခဲ့သော်လည်း ဝင်းထွန်းမှာ လာချီလိတ်နှင့် ပူးတွဲသရေကျသွားခဲ့သည်။ ရွှေခါးပတ်ကို ထူးထူးခြားခြား သုံးထပ်ကွမ်းရရှိထားသူ ဝင်းထွန်းနှင့် မြန်မာပြည်ချန်ပီယံလုံးချောတို့၏ပွဲမှာ ပရိသတ်များအကြိုက် တွေ့နိုင်မည့် ပွဲကောင်းတစ်ပွဲ ဖြစ်လာနိုင်ပေသည်။ ထို့ပြင် ဝါးရင်းတုတ် ဖိုးကေဟုနာမည်ကြီးနေသည့် ဖိုးကေ(မန္တလေး)၊ တက်သစ်စလက်ဝှေ့ကျော် စောပဂရေမှူးတို့၏ ပွဲစဉ်များလည်း ပါဝင်နေခြင်းကြောင့် အကြိတ်အနယ်ပွဲကောင်းများဖြင့် မြန်မာ့ရိုးရာ လက်ဝှေ့စိန်ခေါ်ပွဲ ဖြစ်လာနိုင်ပါကြောင်း။ ။

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၈-၁၁-၂၀၀၈ (သောကြာနေ့)

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ နိုင်ငံ့စီးပွားအလေးထားကျေးလက် ထုတ်ကုန်များ
- ၇:၅၀ ၅။ တေးဂီတအစီအစဉ်
- ၈:၀၀ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈:၁၅ ၇။ **"လက်တွေ့ပြချင်လို့" (ဖြိုးငွေစိုး၊ မြတ်ကေသီအောင်) (ဒါရိုက်တာ-ကြည်စိုး)**
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ နှောင်းခေတ် တေးပဒေသာ
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ အတီးပြိုင်ပွဲ
- ၄:၂၀ ၃။ တေးဂီတအစီအစဉ်
- ၄:၃၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ-ပထမနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
- ၄:၅၀ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၀၀ ၆။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၅:၁၅ ၇။ မြန်မာစာမြန်မာစကား
- ၅:၃၀ ၈။ ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံတော်သံစုံတီးဝိုင်း ဖျော်ဖြေတင်ဆက်မှု အစီအစဉ်
- ၅:၄၀ ၉။ ရုပ်မြင်ရသတေးစုကဏ္ဍ
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၂။ သုတစုံလင်ရွှေဉာဏ်ရှင်
- ၇:၀၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကုန်သွယ်မှုန်တိုင်း" (အပိုင်း-၃၁)**
- ၈:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ **"ရောဝတီရဲ့မနက်ဖြန်" (အပိုင်း-၃) (နေအောင်၊ ကျော်ရဲအောင်၊ ရဲအောင်၊ ဝေဠုကျော်၊ နေတိုး၊ ပြေတီဦး၊ ဟိန်းစိုး၊ နန္ဒ၊ အောင်ခိုင်၊ စိုးမြတ်သူဇာ၊ မေသဥ္ဇာဦး၊ အိန္ဒြာကျော်ဇင်၊ ခိုင်သင်းကြည်၊ စိုးမိုးကြည်၊ မိုးပြည့်ပြည့်မောင်၊ ဝိုင်းစုခိုင်သိန်း) (ဒါရိုက်တာ-စင်ရော်မောင်မောင်)**
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ပင်လယ်ပျော်မင်းသား" (အပိုင်း-၅၀)**
- ၁၉။ အစီအစဉ်ပြီး၏။

# ချန်ပီယံလိဂ် အုပ်စုပွဲစဉ်(၅) ဒုတိယနေ့ပွဲစဉ်များပြီးဆုံး ဘာစီလိုနာ၊ လီဗာပူးနှင့် အက်သလက်တီကိုတို့ နောက်တစ်ဆင့်တက်

လန်ဒန် နိုဝင်ဘာ ၂၇

**ချန်ပီယံလိဂ် အုပ်စုပွဲစဉ်(၅) ဒုတိယနေ့ ပွဲစဉ်များအပြီးတွင် စပိန်မှ ဘာစီလိုနာနှင့် အက်သလက်တီကို၊ အင်္ဂလန်မှ လီဗာပူးတို့ ၁၆ သင်းရှုံးထွက် အဆင့်သို့ တက်ရောက်သွားပြီဖြစ်သည်။**

### အုပ်စု(က)

အုပ်စု(က)တွင် ရိုမေးနီးယား ကလပ် ကလူ့ချ်မှာ အုပ်စုတက်ရေး မျှော်လင့်ချက် လုံးဝမရှိတော့ပေ။ ကျန်အသင်းများအနေဖြင့် ချယ်လ်ဆီးက ရှစ်မှတ်၊ ရိုးမားက ကိုးမှတ်နှင့် ဘော်ဒိုးက ခုနစ်မှတ်ရရှိထားသည်။ ထို့ကြောင့် ဤသုံးသင်းသည် ချန်ပီယံလိဂ်တွင် ဆက်လက်ရှင်သန်ရေး အတွက် လက်ကျန်တစ်ပွဲကို အကြိတ်အနယ် ယှဉ်ပြိုင်ကစားရဦးမည်ဖြစ်သည်။ လက်ကျန်ပွဲတွင် ရိုးမားက ဘော်ဒိုးနှင့် အိမ်ကွင်း၊ ချယ်လ်ဆီးက ကလူ့ချ်နှင့် အိမ်ကွင်းကစားရမည် ဖြစ်ခြင်းကြောင့် အသင်းကြီးနှစ်သင်းသာ နောက်တစ်ဆင့် တက်ဖွယ်ရှိနေသည်။

### အုပ်စု(ခ)

ဤအုပ်စုတွင် အင်တာမီလန်က ရှစ်မှတ်၊ ပင်နာသီယာကော့စ်က ခုနစ်မှတ်၊ အနာသိုဆစ်က ခြောက်မှတ်နှင့် ဝါဒါဘရီမင်က လေးမှတ်ရရှိထားသည်။ လက်ကျန်ပွဲတွင် ဝါဒါဘရီမင်က အင်တာမီလန်နှင့် အိမ်ကွင်း၊ ပင်နာသီယာကော့စ်က အနာသိုဆစ်နှင့် အိမ်ကွင်းကစားရမည်ဖြစ်သည်။ မျှော်လင့်ချက်ကိုယ်စီ ရှိနေကြသည့် ဤအုပ်စု၏ ယှဉ်ပြိုင်မှုမှာ နောက်ဆုံးပွဲစဉ်အထိ အပြင်းထန်ဆုံးပြိုင်ဆိုင်မှုများ ဖြစ်လာမည်ဖြစ်သည်။

### အုပ်စု(ဂ)

အုပ်စု(ဂ)တွင် ဘာစီလိုနာက ရမှတ် ၁၃ မှတ် ရရှိကာ အုပ်စုဗိုလ်အဖြစ်ဖြင့် နောက်တစ်ဆင့်သို့ တက်သွားပြီဖြစ်သည်။ ဘေဆယ်မှာ တစ်မှတ်သာရရှိထားသေးခြင်းကြောင့် ဤအဆင့်ဖြင့်သာ ကျေနပ်ခဲ့ရပြီဖြစ်သည်။ ရမှတ်ကိုးမှတ် ရရှိထားသည့် စပို့တင်းလစ္စဘွန်းမှာ အုပ်စုဒုတိယဖြင့်တက်ဖွယ်ရှိပြီး ရှက်တာဒိုးနက်မှာ ယူအီးအက်ဖ်အေသို့ လှမ်းရမည်ဖြစ်သည်။ လက်ကျန်ပွဲတွင် ဘာစီလိုနာက ရှက်တာဒိုးနက်နှင့် အိမ်ကွင်း၊ စပို့တင်းလစ္စဘွန်းက ဘေဆယ်နှင့် အဝေးကွင်း ကစားရမည်ဖြစ်သည်။

### အုပ်စု(ဃ)

ဤအုပ်စုတွင် အက်သလက်တီကိုနှင့် လီဗာပူးတို့မှာ ရမှတ် ၁၁ မှတ်စီဖြင့် ၁၆ သင်းရှုံးထွက်အဆင့်သို့ တက်သွားပြီဖြစ်သည်။ မာဆေးလ်နှင့် ပီအက်စ်ဗွီမှာ သုံးမှတ်စီရရှိထားကာ ယူအီးအက်ဖ်အေ ရှင်သန်ခွင့် ဆက်လက်ကြိုးစားကြရဦးမည် ဖြစ်သည်။ လက်ကျန်ပွဲတွင် လီဗာပူးက ပီအက်စ်ဗွီနှင့် အဝေးကွင်း၊ အက်သလက်တီကိုက မာဆေးလ်နှင့် အဝေးကွင်းယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ဝင်းတင်(ကြေးမုံ)

ချန်ပီယံလိဂ် အုပ်စုပွဲစဉ်(၅) ဒုတိယနေ့ပွဲစဉ်များရလဒ်

| | | |
|---|---|---|
| ဘော်ဒိုး | ၁ - ၁ | ချယ်လ်ဆီး |
| ကလူ့ချ် | ၁ - ၃ | ရိုးမား |
| အင်တာမီလန် | ၀ - ၁ | ပင်နာသီယာကော့စ် |
| အနာသိုဆစ် | ၂ - ၂ | ဝါဒါဘရီမင် |
| စပို့တင်းလစ္စဘွန်း | ၂ - ၅ | ဘာစီလိုနာ |
| ရှက်တာဒိုးနက် | ၅ - ၀ | ဘေဆယ် |
| လီဗာပူး | ၁ - ၀ | မာဆေးလ် |
| အက်သလက်တီကို | ၂ - ၁ | ပီအက်စ်ဗွီ |



ချန်ပီယံလိဂ်တွင် သွင်းဂိုး ငါးဂိုးဖြင့် ထိပ်ဆုံး၌ ဦးဆောင်နေသည့် လီဗာပူးမှဂျရတ်အား မာဆေးလ်ဘက်သို့ ဂိုးသွင်းပြီးနောက် တွေ့ရစဉ်။

# ရေးမြို့နယ်အတွင်း မွန်ဓားပြများက သစ်ခုတ်သမားများကို ဓားဖြင့်ခုတ်သဖြင့် သုံးဦးသေဆုံးပြီး ၁၂ဦး ဒဏ်ရာအသီးသီးရရှိခဲ့

**နေပြည်တော် နိုဝင်ဘာ ၂၇**

မွန်ပြည်နယ် ရေးမြို့နယ် မာန်အောင်ကျေးရွာ၏ အရှေ့မြောက်ဘက် တစ်ဝိုက်၌ သစ်ခုတ်နေသူများအား နိုဝင်ဘာ ၂၅ ရက်တွင် အဆိုပါ နယ်မြေရှိ မွန်ဓားပြချမ်းဒိန်နှင့်အဖွဲ့က ဓားဖြင့်ခုတ်သဖြင့် သုံးဦးသေဆုံးပြီး ၁၂ ဦး ဒဏ်ရာအသီးသီးရရှိခဲ့ကြောင်း သိရှိရသည်။

ဖြစ်ပွားပုံမှာ ရေးမြို့နယ်၏ အရှေ့မြောက်ဘက် မာန်အောင်ကျေးရွာအနီး တောအုပ်အတွင်း၌ သစ်ခုတ်နေသော အရပ်သား ၁၉ ဦးအား ချမ်းဒိန်ခေါင်းဆောင်သည့် မွန်ဓားပြအဖွဲ့က ဖမ်းဆီးချုပ်နှောင်ပြီး သစ်ခုတ်သမားများသည် တပ်မတော်စစ်ကြောင်းများသို့ ၎င်းတို့၏ သတင်းများကို ပေးပို့ခဲ့သဖြင့် ၎င်းတို့သေကျေဆုံးရှုံးမှုများ ဖြစ်ပွားခဲ့ရသည်ဟု အကြောင်းပြကာ ညှဉ်းပန်းနှိပ်စက်မှုများပြုလုပ်ခဲ့ကြောင်း၊ ၎င်းနောက် သစ်ခုတ်သမားများအား ဓားဖြင့်ခုတ်ခဲ့သဖြင့် ဧရာဝတီတိုင်း မအူပင်မြို့နေသူများဖြစ်ကြသော မောင်ညိုချော အသက်(၃၀)၊ စိုင်းမောင်မောင်(၂၆)နှစ်နှင့် အမည်(စိစစ်ဆဲ)တစ်ဦး စုစုပေါင်းသုံးဦး သေဆုံးခဲ့ပြီး မွန်ပြည်နယ် သိမ်ဇရပ်မြို့နေ မောင်သက်မင်းဦး(၁၉)နှစ်နှင့် မလှဲ့လှဲ့ဝင်း(၁၆)နှစ်၊ ကျိုက်ထိုမြို့နေသူများဖြစ်သော မောင်ချစ်သဲအောင်(၁၇)နှစ်၊ မောင်ချစ်မင်းသူ(၁၉)နှစ်၊ မဝါဝါခိုင်(၁၂)နှစ်၊ မချစ်ချစ်ဝေ(၁၉)နှစ်၊ မောင်ဝင်းကိုဦး အသက်(၂၀)၊ ရန်ကုန်တိုင်း တွံတေးမြို့နေ ဦးမင်းဇော်(၃၃)နှစ်နှင့် ရန်ကုန်မြို့နေ မောင်ဖိုးဇော် အသက်(၂၀)၊ ဧရာဝတီတိုင်း ပုသိမ်မြို့နေ မောင်နေလင်းအောင်(၁၅)နှစ်နှင့် ဟသ်ာတမြို့နယ် သံကြိုးတန်းကျေးရွာနေ ဦးဝင်းအောင်(၃၃)နှစ်၊ ရခိုင်ပြည်နယ် မြေပုံမြို့နေ ဦးဝင်းနိုင်(၃၃)နှစ် စုစုပေါင်း ၁၂ဦး ဓားဒဏ်ရာအပြင်းအထန်ရရှိခဲ့ကာ လေးဦးမှာ ထွက်ပြေးလွတ်မြောက်ခဲ့ကြောင်း သိရှိရသည်။

ဒဏ်ရာရရှိသူများအား ရေးမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသပေးလျက်ရှိပြီး တာဝန်ရှိသူများက အဝတ်အထည်၊ စားသောက်ဖွယ်ရာ၊ စောင်၊ ဆေးဝါးနှင့်လိုအပ်သည်များ ထောက်ပံ့ပေးလျက်ရှိကြောင်းနှင့် ချမ်းဒိန်ခေါင်းဆောင်သည့် မွန်ဓားပြအဖွဲ့နောက်သို့ နယ်မြေခံတပ်များက လိုက်လံရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# စီးပွားရေးတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများ (၁၉၆၆-၁၉၇၀) အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၇**

၁၉၆၆-၁၉၇၀စာသင်နှစ် ကျောင်းသား၊ ကျောင်းသူများ၏ ဆဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံပွဲကို ဒီဇင်ဘာ ၁၄ရက်(တနင်္ဂနွေနေ့)တွင် Western Park Royal (ကန်တော်ကြီး)၌ ကျင်းပမည်ဖြစ်သည်။

၁၉၆၆-၁၉၇၀ စာသင်နှစ်အတွင်း တွေ့ဆုံခဲ့ကြသည့် သူငယ်ချင်းများ အားလုံးတက်ရောက်နိုင်ကြပြီး အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံပွဲအတွက် ပါဝင်လှူဒါန်းလိုသူများသည် ဦးစိန်ဝင်း ဖုန်း-၀၉၅၀၃၇၉၆၂၊ ၇၂၁၅၇၀၊ ဦးတင်ထွန်း ဖုန်း-၀၉၅၁၁၃၁၉၅၊ ၂၉၄၉၁၈၊ ဒေါ်ညိုမီကြည် ဖုန်း-၀၉၅၀၀၃၀၉၂၊ ၅၈၀၂၅၈၊ ဒေါ်ဆွေတင်ဝင်း(မန္တလေးမြို့)ဖုန်း-၀၂-၃၆၉၀၀နှင့် ဦးခိုင်စိန် ဖုန်း-၀၉၅၀၃၈၀၁၂၊ ၂၉၄၉၁၈ နှင့် ၂၀၃၂၁၂ တို့သို့ ဆက်သွယ်နိုင်ကြောင်းနှင့် သီးခြားဖိတ်စာပို့မည်မဟုတ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ၂၀၀၈ ခုနှစ် (၃၉)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ)ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၇

**၂၀၀၈ ခုနှစ် (၃၉)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ရှိ အောင်ဆန်းအားကစားပြိုင်ဝင်း၌ ကျင်းပရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ တပ်မတော်(ကြည်း၊ ရေ၊ လေ)မှ အရာရှိကြီးများ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ တပ်မတော်သားများ၊ ၎င်းတို့၏မိသားစုများနှင့် ပြေးခုန်ပစ် အားကစားဝါသနာရှင်များ တက်ရောက် ကြည့်ရှုအားပေးကြသည်။**

ရှေးဦးစွာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ဧည့်သည်များသည် အမျိုးသား မီတာ(၁၀၀)အပြေးပြိုင်ပွဲ၊ အမျိုးသမီးမီတာ(၁၀၀) အပြေးပြိုင်ပွဲ၊ အမျိုးသမီးမီတာ(၄၀၀) လက်ဆင့်ကမ်း အပြေးပြိုင်ပွဲနှင့် အမျိုးသား မီတာ(၄၀၀) လက်ဆင့်ကမ်း အပြေးပြိုင်ပွဲများကို ကြည့်ရှုအားပေးကြသည်။

ဗိုလ်လုပွဲများအပြီးတွင် ဆုပေးပွဲကို ကျင်းပရာ ပြိုင်ပွဲ၏ တစ်ဦးချင်းပြိုင်ပွဲများနှင့် အသင်းလိုက်ပြိုင်ပွဲများတွင် ဆုရရှိကြသူများအား တပ်မတော်အရာရှိကြီးများက ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းမှူးက ဗိုလ်စွဲသွားကြသော ရန်ကုန်တိုင်း စစ်ဌာနချုပ် အမျိုးသား ပြေးခုန်ပစ်အသင်းနှင့် အမျိုးသမီးပြေးခုန်ပစ် အသင်းများအား တံခွန်စိုက်ဒိုင်းဆုများကို ပေးအပ် ချီးမြှင့်သည်။

တပ်မတော်(ကြည်း၊ရေ၊လေ) ပြေးခုန်ပစ်ပြိုင်ပွဲ၏ အမျိုးသားပြိုင်ပွဲ၌ ရန်ကုန်တိုင်းစစ်ဌာနချုပ် အမျိုးသားအသင်းက (၁၈)ကြိမ် ဆက်တိုက် ဗိုလ်စွဲနိုင်ခဲ့ပြီး အမျိုးသမီးပြိုင်ပွဲ၌ ရန်ကုန်တိုင်း စစ်ဌာနချုပ်အသင်းက ငါးကြိမ်ဆက်တိုက် ဗိုလ်စွဲနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် ၂၀၀၈ ခုနှစ် (၃၉)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) ပြေးခုန်ပစ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ဗိုလ်စွဲသွားသော ရန်ကုန်တိုင်းစစ်ဌာနချုပ် အမျိုးသား ပြေးခုန်ပစ်အသင်းအား တံခွန်စိုက်ဒိုင်းဆုကို ပေးအပ်ချီးမြှင့်စဉ်။** (သတင်းစဉ်)





## ဆွာချောင်းတံတား တည်ဆောက်ရေးလုပ်ငန်း ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၂၇

**ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်-တောင်ငူ-မန္တလေးလမ်း တံတားအမှတ်(၁/၁၉၉)ရှိ ဆွာချောင်းတံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။**

အဆိုပါ ဆွာချောင်းတံတားမှာ သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်ပြီး အရှည်ပေ ၂၇၀ရှိ၍ ယာဉ်လေးလမ်းသွားနှင့် လူသွားလမ်း တစ်ဖက်လျှင် သုံးပေစီ ပါရှိကာ တံတား၏ခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း တန် ၆၀ ဖြစ်ကြောင်းသိရှိရသည်။ (သတင်းစဉ်)

## မြန်မာ-အိန္ဒိယ ရုပ်သေးအနုပညာရှင်အဖွဲ့ ဖျော်ဖြေတင်ဆက်

ရန်ကုန် နိုဝင်ဘာ ၂၇

**မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ ယဉ်ကျေးမှုပူးပေါင်းဖလှယ်ရေး အစီအစဉ်အရ မြန်မာရုပ်သေး အနုပညာရှင်အဖွဲ့နှင့် အိန္ဒိယရုပ်သေး အနုပညာရှင်အဖွဲ့တို့ ပူးပေါင်း၍ ရုပ်သေးဖျော်ဖြေတင်ဆက်ပွဲကို ယမန်နေ့ ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပသည်။** (အပေါ်ပုံ)

အဆိုပါဖျော်ဖြေပွဲသို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာအိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Aloke Sen နှင့်ဇနီး၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးမိသားစုများ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ရန်ကုန်မြို့ ဖျော်ဖြေရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ၊ ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန (တောင်ပိုင်း) ရုံး ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါ်စန္ဒာခင်နှင့်တာဝန်ရှိသူများ၊အထူးဖိတ်ကြားထားသူများနှင့် ရုပ်သေးဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။ ရှေးဦးစွာ အိန္ဒိယ ရုပ်သေးအနုပညာရှင်အဖွဲ့က အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ် ရိုးရာရုပ်သေးအကဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ မြန်မာရုပ်သေးအနုပညာရှင်အဖွဲ့က ဟိမဝန္တာခန်း၊ အိန္ဒိယရုပ်သေး အနုပညာရှင်အဖွဲ့က မာမင်(မစ်နာ) သရုပ်ဖော်ပြဇာတ်၊ မြန်မာရုပ်သေး အနုပညာရှင်အဖွဲ့က ရာမသမင်လိုက်ခန်း၊ တိုင်းရင်းသားအက၊ အိန္ဒိယရုပ်သေး အနုပညာရှင်အဖွဲ့က မာတာမိခင်၊ မြန်မာရုပ်သေး အနုပညာရှင်အဖွဲ့က နှစ်ပါးသွား၊ ဓလေ့ရိုးရာ ဒို့ကျေးရွာအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ အဆိုပါ အိန္ဒိယရုပ်သေး အနုပညာရှင်အဖွဲ့သည် နိုဝင်ဘာ၂၇ ရက်တွင် မန္တလေးမြို့ရှိ အမျိုးသားဇာတ်ရုံ၌ အများပြည်သူများအား ဖျော်ဖြေတင်ဆက်ခဲ့သည်။ (သတင်းစဉ်)

## ဖြူးအမျိုးသားကျောင်း နှစ်(၉၀)ပြည့် အကြို အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂၇**

ဖြူးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း (အမျိုးသားကျောင်း ၁၉၂၀)ကျောင်းသား၊ကျောင်းသူဟောင်းများ၏ နဝမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၁၁ ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင်ယင်းကျောင်း၏အမျိုးသား ကျောင်းဆောင်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ အဆိုပါကျောင်း၌ ၁၉၂၀ မှ ၁၉၉၀ ပြည့်နှစ်အတွင်း တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၀၇ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် အသက် ၆၀ ပြည့်အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအနေဖြင့်လည်းကောင်း၊ ကျောင်းသား၊ ကျောင်းသူဟောင်းများ အနေဖြင့်လည်းကောင်း ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန် နှိုးဆော်ဖိတ်ကြားထားသည်။ ယခုအကြိမ်သည် ဖြူးအမျိုးသားကျောင်း ၁၉၂၀ ၏ နှစ်(၉၀)ပြည့် အထိမ်းအမှတ် အကြိုနှစ်ဖြစ်သည့်အားလျော်စွာ ဆရာကြီး၊ ဆရာမကြီး ၁၀၉ ဦးအား တစ်ဦးလျှင် ငွေကျပ်ငါးသောင်းစီ ပူဇော်ကန်တော့မည်ဖြစ်ရာ ဆက်သွယ်လှူဒါန်းလိုပါက ဦးအင်းရှောက်(ဥက္ကဋ္ဌ) ၀၅၄-၄၀၅၇၈၊ ဦးတင်ငွေး (ဒု-ဥက္ကဋ္ဌ) ၀၅၄-၄၀၃၂၇၊ ဒေါက်တာခင်မောင်မြင့်ကျော်(ဒု-ဥက္ကဋ္ဌ) ၀၅၄-၄၀၃၇၆၊ ဦးသက်စိန်(ဒု-ဥက္ကဋ္ဌ)၀၅၄-၄၀၀၄၈၊ ၀၁-၂၉၂၃၁၅၊ ၀၁-၂၉၉၅၁၆၊ ဦးသက်နိုင်(အတွင်းရေးမှူး) ၀၅၄-၄၀၁၂၃၊ ဦးသက်ထွန်း(ဘဏ္ဍာရေးမှူး) ၀၅၄-၄၀၅၇၅၊ ဦးမြင့်ထွန်း ၀၉၅၀၁၀၃၈၇၊ ဗိုလ်ကြီးအောင်သန်း(ငြိမ်း)၀၉၅၁-၄၅၂၆၆၊ ဦးမြဦး ၀၁-၆၆၀၁၃၁၊ ဦးမြဦး ၀၁-၂၂၉၉၄၅၊ ဦးစန်းလွင် ၀၂-၃၂၃၇၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)




**သန်လျင်မြို့ ဗဟိုအခြေခံပညာမူလတန်းလွန်ကျောင်း၏ ၂၀၀၇-၂၀၀၈ ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့်ပညာရည်ချွန်ဆုပေးပွဲတွင် ပထမတန်း၌ ထူးချွန်ဆုရရှိသော မောင်ရာဇတိုးအား အလှူရှင်တစ်ဦး ဂုဏ်ပြုဆုချီးမြှင့်စဉ်။** (ပညာရေး)

## အထူးဈေးရောင်းပွဲတော်ဖွင့်ပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၇**

အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ကို နိုဝင်ဘာ ၂၆ ရက် နံနက် ၇ နာရီက ဧရာဝတီတိုင်း မြောင်းမြခရိုင် ဝါးခယ်မမြို့ ဦးရှင်ကြီးကွင်း၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးလှမြင့်နှင့် ဧရာဝတီတိုင်း စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန တိုင်းဦးစီးဌာနမှူး ဒေါ်ယဉ်ယဉ်ငွေးတို့က မုခ်ဦးရှေ့၌ ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့သည်။

**ရောင်းချပေး**

ယင်းဈေးရောင်းပွဲတော်တွင် အမှတ်(၁) စက်မှုဝန်ကြီးဌာနမှ ထုတ်ကုန်ပစ္စည်းများဖြစ်သည့် စားသောက်ကုန်အမျိုးမျိုး၊ ဆေးဝါးနှင့် အိမ်သုံးပစ္စည်းအမျိုးမျိုး၊ အထည်အလိပ်ပစ္စည်းအမျိုးမျိုး၊ ကြွေထည်မြေထည် ပစ္စည်းအမျိုးမျိုး၊ စက္ကူနှင့်ဓာတုဗေဒပစ္စည်းအမျိုးမျိုး၊ ထီး၊ ဖိနပ်၊ ပလတ်စတစ်ပစ္စည်းအမျိုးမျိုး၊ စက်ဘီးများ၊ အပ်ချုပ်စက်များကို နိုဝင်ဘာ ၂၆ ရက်မှ ဒီဇင်ဘာ ၂ ရက်ထိ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ (၁၈၂)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၂၈-၁၁-၂၀၀၈ (သောကြာနေ့)**

နံနက်ပိုင်း

| | | |
|---|---|---|
| ၇:၀၀ | ၁။ | မြဝတီအဖွင့် |
| ၇:၀၅ | ၂။ | အဖွင့်သီချင်း |
| ၇:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇:၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇:၃၀ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇:၄၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၇:၅၀ | ၇။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇:၅၅ | ၈။ | အမျိုးသားရေး တေးကဗျာ |
| ၈:၀၀ | ၉။ | မြဝတီရုပ်မြင်သံကြား သတင်း |
| ၈:၁၀ | ၁၀။ | အမျိုးသားရေးတေးကဗျာ |
| ၈:၁၅ | ၁၁။ | အပိတ်နှုတ်ဆက်စကား |
| ၈:၁၆ | ၁၂။ | ပြီးပါပြီ။ |

ညပိုင်း

| | | |
|---|---|---|
| ၄:၀၀ | ၁။ | မြဝတီအဖွင့် |
| ၄:၀၅ | ၂။ | အဖွင့်သီချင်း |
| ၄:၁၀ | ၃။ | ရင်ခုန်စီးဆင်း အချစ်သီချင်း |
| ၄:၁၅ | ၄။ | မဟာဂီတ ချိုကြည်မြ |
| ၄:၂၀ | ၅။ | မျိုးချစ်တပ်မတော် |
| ၄:၃၀ | ၆။ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၄:၄၀ | ၇။ | မြန်မာစာ မြန်မာစကား |
| ၅:၀၀ | ၈။ | အလွမ်းတေးပန်းချီ ချစ်သူဆီ |
| ၅:၄၅ | ၉။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၆:၀၀ | ၁၀။ | မြဝတီရုပ်မြင်သံကြား သတင်း |
| ၆:၁၀ | ၁၁။ | နိုင်ငံတကာသတင်း |
| ၆:၂၀ | ၁၂။ | အမျိုးသားရေးတေးကဗျာ |
| ၆:၂၅ | ၁၃။ | စောင့်မျှော်ရှုစားကြိုးဝိုင်း စကား |
| ၆:၄၅ | ၁၄။ | လျှပ်တစ်ပြက်ရိုက်ချက် |
| ၇:၀၀ | ၁၅။ | ရသစုံ လင်ရုပ်မြင် ဇာတ်လမ်း - သံမဏိစိတ်ဓာတ် (အပိုင်း-၂၆) |
| ၈:၀၀ | ၁၆။ | မြဝတီရုပ်မြင်သံကြား သတင်း |
| | ၁၇။ | မိုးလေဝသသတင်း |
| | ၁၈။ | အမျိုးသားရေးတေးကဗျာ |
| | ၁၉။ | စိုက်ပျိုးသုတ |
| | ၂၀။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| | ၂၁။ | ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် |
| | ၂၂။ | **မြန်မာဗီဒီယိုဇာတ်လမ်း 'ရောဝတီရဲ့မနက်ဖြန်" (အပိုင်း-၃)(နေအောင်၊ ကျော်ရဲအောင်၊ ရဲအောင်၊ ဝေဠုကျော်၊နေတိုး၊ ပြေတီဦး၊ ဟိန်းစိုး၊ နန္ဒ၊ အောင်ခိုင်၊ စိုးမြတ်သူဇာ၊ မေသဥ္ဇာဦး၊ အိန္ဒြာကျော်ဇင်၊ ခိုင်သင်းကြည်၊ စိုးမိုးကြည်၊ မိုးပြည့်ပြည့်မောင်၊ဝိုင်းစုခိုင်သိမ်း) (ဒါရိုက်တာ-စင်ရော်မောင်မောင်)** |
| | ၂၃။ | သင့်အတွက်မနက်ဖြန် |
| | ၂၄။ | အပိတ်နှုတ်ဆက်စကား |
| | ၂၅။ | ပြီးပါပြီ။ |

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်

## ပေါင်းလောင်းရေလှောင်တမံနှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၂၇

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့်သည် ယနေ့ နံနက် ၉နာရီတွင် မန္တလေးတိုင်း၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့ကို ဆက်သွယ်ထားသည့် နေပြည်တော်ပျဉ်းမနား-ပင်လောင်းလမ်းရှိ မိုင်တိုင်အမှတ်(၈/၇)မိုင်၌ လုပ်ငန်းဆောင်ရွက်နေမှု၊ရေပြောင်းပြန်-ကျောက်သံပတ်- လွဲကြီးလမ်းဆုံရှိ လမ်းပိုင်းကြံ့ခိုင်မှု၊ လမ်းညွှန်မှတ်တိုင်များ စိုက်ထူထားရှိမှု၊ လွဲကြီးရွာမကျေးရွာ မိုင်တိုင်အမှတ်(၄၅/၄)မိုင်၌ အရှည်ပေ ၁၆၀ ရှိ ဘေလီအမျိုးအစားလွဲကြီးတံတား၏ ကြံ့ခိုင်မှုအခြေအနေနှင့် လွဲကြီးကျေးရွာအခြေခံပညာအလယ်တန်းကျောင်းခွဲ၌ ကျောင်းသား၊ကျောင်းသူများ၏ ပညာသင်ကြားနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။**

ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်သည် မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသည့် ခရိုင်ချင်းဆက်လမ်းအမှတ်(၂) စီမံကိန်းလမ်းအရှည်(၇/၂)မိုင်ရှိ ကိုးကွေ့-ပေါင်းလောင်းချောင်းလမ်း၏ မိုင်တိုင်အမှတ်(၀/၀)မိုင်မှ (၂/၄)မိုင်အထိ လမ်းအပိုင်း ဆောင်ရွက်ပြီးစီးမှုနှင့် နေပြည်တော်ပျဉ်းမနား-ပင်လောင်းလမ်းအပိုင်း၊ ကင်းသာ-ကိုးကွေ့လမ်းအပိုင်း အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဗိုလ်ချုပ်အုန်းမြင့်သည် နေပြည်တော်ပျဉ်းမနားမြို့နယ်ရှိ ပေါင်းလောင်းရေလှောင်တမံသို့ ရောက်ရှိပြီး တမံအတွင်း ရေဝင်ရောက်မှု၊ ရေဝင်ရေသွင်းမြောင်း၏ ရေဝင်ထွက်မှုများ၊ ရေပိုလွှဲနေရာတို့ကို ကြည့်ရှုစစ်ဆေးပြီး ပေါင်းလောင်းရေလှောင်တမံစီမံကိန်းသည် နိုင်ငံတော်စီမံကိန်းဖြစ်သည့်အတွက် ရေရှည်တည်တံ့အောင် **စာမျက်နှာ ၈ ကော်လံ ၆ သို့ ✳**





**ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အုန်းမြင့် နေပြည်တော် ပျဉ်းမနားမြို့နယ်ရှိ ပေါင်းလောင်း ရေလှောင်တမံ ရေထိန်းတံခါးကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

### နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး

✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး

✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး

✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄)ရပ်

✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး

✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

✳ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄)ရပ်

✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး

✳ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ၂၀၀၇ ခုနှစ်အတွက် အမျိုးသားစာပေ တစ်သက်တာဆု ထုတ်ပြန်ကြေညာ

**နေပြည်တော် နိုဝင်ဘာ ၂၇**

ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် မြန်မာစာပေအကျိုးကို ထူးချွန်ပြောင်မြောက်စွာ တစ်သက်တာလုံး အားထုတ်ရေးသားပြုစုခဲ့သော ဆောင်ရွက်ချက်ကို နိုင်ငံတော်က အသိအမှတ်ပြုသောအားဖြင့် စာရေးဆရာကြီး ဆင်ဖြူကျွန်းအောင်သိန်း (ဦးကြည်အေး)အား ၂၀၀၇ ခုနှစ်အတွက် "အမျိုးသားစာပေ တစ်သက်တာဆု"ကို ရွေးချယ်ချီးမြှင့်လိုက်သည်။

အဆိုပါဆုကို ၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၂၈ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် နေပြည်တော် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမကြီး၌ ကျင်းပမည့် ၂၀၀၇ ခုနှစ်အတွက် အမျိုးသားစာပေဆုနှင့် စာပေဗိမာန် စာမူဆု ဆုနှင်းသဘင်အခမ်းအနားတွင် ချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ၂၀၀၇ ခုနှစ်အတွက် အမျိုးသားစာပေဆုများ ထုတ်ပြန်ကြေညာ

နေပြည်တော် နိုဝင်ဘာ ၂၇

**ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီသည် ၂၀၀၇ခုနှစ်အတွင်း ထုတ်ဝေခဲ့သည့် စာအုပ်များကို စိစစ်ရွေးချယ်ခဲ့ပြီးဖြစ်ရာ အမျိုးသားစာပေဆုချီးမြှင့်ရန် ရွေးချယ်ခြင်းခံရသော စာအုပ်များနှင့် စာရေးဆရာများ၏ အမည်စာရင်းကို သက်ဆိုင်ရာက ယနေ့ ထုတ်ပြန်ကြေညာသည်။**

ဝတ္ထုရှည်ဆုတွင် ဆူးငှက်၏ "တိမ်ယံအိပ်မက် မိုးထက်နရီ"၊ ဝတ္ထုတိုပေါင်းချုပ်ဆုတွင် နေဝင်းမြင့်၏ "အိမ်ကလေး ၁၆လုံး"၊ ကဗျာပေါင်းချုပ်ဆုတွင် သန်းအောင်(အညာမြေ)၏ "အမေ့အလှပန်းအလှ"၊ စာပဒေသာဆုတွင် တက္ကသိုလ်စိန်တင်၏ "ဘွားဦးဇွန်း"၊ မြန်မာ့ယဉ်ကျေးမှုနှင့်အနုပညာဆိုင်ရာ စာပေဆုတွင် စန္ဒာခင်၏ "နံရံပန်းချီမှပြောသော ပုဂံခေတ်ပုံရိပ်များ"၊ ကလေးစာပေဆုတွင် မောင်မြင့်ထွန်း၏ "မင်္ဂလာနံနက်ခင်း ကလေးကဗျာများ"၊ လူငယ်စာပေဆုတွင် လက်ာရည်ကျော်၏ "ကြိုးကြာတောင်ပံခတ်သံ"၊ ဘာသာပြန်(သုတ)စာပေဆုတွင် လှိုင်သင်း၏ "လူ့ယဉ်ကျေးမှုသမိုင်း အရှေ့တိုင်းကရသောအမွေ(သုံးတွဲ)"၊ ဘာသာပြန်(ရသ)စာပေဆုတွင် တင်မောင်မြင့်၏ "အနက်ရောင်အိပ်မက် စိမ်းမြမေတ္တာ"၊ သုတပဒေသာ(ဝိဇ္ဇာ)ဆုတွင် မောင်သန်းဆွေ(ထားဝယ်)၏ "ရတနာဂီရိနိဒါန်း"၊ သုတပဒေသာ(အသုံးချသိပ္ပံ)ဆုတွင် ဒေါက်တာချစ်၏ "ကျေးလက်စီးပွား ပြည်သူ့အား" တို့က အသီးသီးရရှိကြသည်။

အမျိုးသားစာပေဆုတွင် ဘာသာရပ် ၁၄မျိုးရှိသည့်အနက် သုတပဒေသာ(ရိုးရိုးသိပ္ပံ)၊ ပြဇာတ်စာပေနှင့် နိုင်ငံရေးစာပေတို့အတွက် ဆုများ ချီးမြှင့်နိုင်ခြင်းမရှိကြောင်း သိရသည်။

**နှိုးဆော်ထား**

ဆုရသူများသည် ရန်ကုန်မြို့ အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန် စာတည်းမှူးချုပ် ဖုန်း-၀၁-၂၄၀၀၄၈၊ စာတည်းမှူး ဖုန်း-၀၁-၂၄၉၂၃၀ နှင့် ဌာနခွဲမှူး(စီမံ) တာဝန်ခံ ဖုန်း-၀၁-၃၈၁၄၄၉ တို့သို့ အမြန်ဆက်သွယ်ကြရန်နှင့် ၅လက်မ× ၇လက်မ ရောင်စုံဓာတ်ပုံတစ်ပုံနှင့် ၁လက်မ × ၁လက်မအရွယ် တစ်ပုံစီ အမြန်ပေးပို့ရန် နှိုးဆော်ထားကြောင်း သိရသည်။

ဆုချီးမြှင့်ပွဲ အခမ်းအနားကို ၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၂၈ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် နေပြည်တော် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမကြီး၌ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**ယနေ့ ကြေးမုံ နိုင်ငံတကာသတင်းအညွှန်း**

**အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့ ဟိုတယ်ကြီးနှစ်ခုနှင့် နေရာအများအပြားတွင် အကြမ်းဖက် တိုက်ခိုက်မှုများ ဖြစ်ပွားခြင်း။ (နောက်ဆုံးရ သတင်းအပြည့်အစုံ)** **စာမျက်နှာ - ၅**